# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 6 November 2023 ၁၁၂၇၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဓာတ်ပုံ - လင်းရာမ

# မြန်မာအမျိုးသားလေကြောင်းက နိုင်ငံတကာခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ Boeing 737-800NG လေယာဉ်ဖြင့် စတင်ပျံသန်းပြေးဆွဲ

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာအမျိုးသားလေကြောင်းက နိုင်ငံတကာခရီးစဉ်အသစ်ဖြစ်သော ရန်ကုန်-ကူမင်း-ရန်ကုန် ခရီးစဉ်ကို ယနေ့ နိုဝင်ဘာ ၅ ရက်မှစတင်၍ တစ်ပတ်လျှင် သုံးကြိမ် တနင်္လာ၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(Terminal 1 )မှ Boeing 737–800 NG လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**ယနေ့ ဖတ်စရာ**

### မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု လုပ်ငန်းစဉ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

စာမျက်နှာ » ၅



### ကျောက်ဖြူမြို့နယ်၌ ကနုကမာနှင့် ကျောက်ငါး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိ

စာမျက်နှာ » ၁၉

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၅

| | | |
|---|---|---|
| ဟားခါး | ၄ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၁၀ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၁၁ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၁၁ | ဒီဂရီစင်တီဂရိတ် |

## ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် ဆောင်းကြက်သွန်နီ စတင်စိုက်ပျိုး

ပွင့်ဖြူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မြေအောက်ရေဖြင့် ဆောင်းကြက်သွန်နီကို စတင်စိုက်ပျိုးနေကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ၁၁၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် အောက်တိုဘာလဆန်းပိုင်းက စတင်ပြီး မုန်းချောင်းရေနှင့် စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍



ကြေးမုံ

# လုပ်ငန်းများအောင်မြင်ရေးလက်တွဲကြိုးပမ်း

ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်လာသော အစိုးရတစ်ရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်၊ အများပြည်သူ အကျိုးစီးပွားဖြစ်ထွန်းအောင် ကြိုးပမ်းလုပ်ဆောင်ကြသည်။ အစိုးရက မူဝါဒ၊ လုပ်ငန်းစဉ်များချမှတ်ပေးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ထမ်းများက အကောင်အထည်ဖော်ကြသည်။ ပြည်သူများကလည်း စောင့်စည်းရမည့် ကျင့်ဝတ်စည်းကမ်းများဖြင့် နေထိုင်လုပ်ကိုင်ပြီး မိမိအကျိုး၊ နိုင်ငံအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရသည်။ ထိုလူ့အဖွဲ့အစည်းသည် စည်ပင်သာယာ၍ ထွန်းကားတိုးတက်မည်သာဖြစ်သည်။

အစိုးရဆိုသည်မှာ တိုင်းပြည်ကို တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည်။ အစိုးရအဖွဲ့က ချမှတ်ပေးသည့် မူဝါဒများ၏ လုပ်ငန်းများကို အစိုးရဌာနမှ ဝန်ထမ်းအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ကြရသည်။ သက်တမ်းကာလအလိုက် အစိုးရများအနေဖြင့် အပြောင်းအလဲများရှိသော်လည်း ဝန်ထမ်းများမှာ ပြောင်းလဲခြင်းမရှိ ဆက်လက်အကောင်အထည်ဖော်ကြရသည်။ အစိုးရသက်တမ်းတစ်ခုတွင် ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့်လုပ်ငန်းများကို မှတ်တမ်းတင်ထားပြီး ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများက အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ကြရသည်။

အသစ်တက်လာသည့်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏မူဝါဒများဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခင်အစိုးရအဖွဲ့အဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ယူဆောင်ရွက်ကြသည်။ အစိုးရသက်တမ်းတစ်ခုတွင် နိုင်ငံတကာနှင့်ပတ်သက်သော စာချုပ်များ၊ ကတိကဝတ်များ၊ သဘောတူညီချက်များ ရှိမည်ဖြစ်သည်။ ၎င်းတို့ကို နောက်တက်လာမည့် အစိုးရကလည်း ၎င်းတို့မူဝါဒနှင့် ကိုက်ညီလျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ သို့မှသာ နိုင်ငံတော်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

ယနေ့နိုင်ငံတော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တာဝန်ယူဆောင်ရွက်နေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသည်။ ပြီးခဲ့သည့် အစိုးရနှင့် အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့သည့် စီမံကိန်းများကိုအခြေခံ၍ တတ်နိုင်သမျှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အကြောင်းကြောင်းကြောင့် ရပ်တန့်နေသည့် စီမံကိန်းနှင့် လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်ရေး တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် လုပ်ငန်းရပ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ပြန်လည်စိစစ်၍ ဆောင်ရွက်သွားကြရန်”ပြောကြားထားသည်။

ထို့အပြင် “လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိစေရေး အမှန်တကယ် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့် စီမံကိန်းများကို ပြန်လည်သုံးသပ်ကြည့်သည့်အခါတွင် မိမိတို့လူမျိုးများအနေဖြင့် အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း”ပြောကြားခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုလိုအပ်ချက်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ လိုအပ်ချက်များ၊ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိ/မရှိ ချိန်ထိုးသုံးသပ်ဆောင်ရွက်ကြရန်လိုသည်။ လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင်ဆောင်ရွက်မည်ဆိုသည့် စိတ်ထားမွေးမြူ၍ ဆောင်ရွက်သွားမည်ဆိုပါက မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းထားသည့် မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရန် အစိုးရ၊ ပြည်သူအားလုံး လက်တွဲညီညီကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၅) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

မော်လမြိုင် နိုဝင်ဘာ ၅

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၅) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ကျိုက်သလွှဲဘုရားအနီး ရွှေတောင်ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ရွှေတောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိမလ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ ဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့်ဇနီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိမလထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်းခဲ့ကြသည်။

ဆက်လက်၍ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ စုပေါင်း၍ ဘုရားစေတီပုထိုးများတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်း၊ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဘာသာရေးဆိုင်ရာ စာအောင်ဆုများချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သော အဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော(၅၇)ကြိမ်မြောက် သံယုတ်မြန်မာပြန်စာမေးပွဲများတွင် အောင်မြင်ခဲ့ကြသောသူများအား စာဆုနှင်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားဝင်း ဓမ္မသာလာ သုံးထပ်ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ သင်တန်းမှူး(တာဝန်ခံ)ဆရာမကြီး ဒေါ်မေပုလဲက အဖွင့်အမှာစကား ပြောကြားပြီး ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်နွယ်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးနေရှိန်း (သဒ္ဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ)တို့က မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးတွင် ပထမဆုရ ဒေါ်ခင်မေချို၊ ဒုတိယဆုရ ဒေါ်အေးအေးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် တတိယဆုရ ဒေါ်ဥမ္မာမြင့်၊ သာသနာရေးဝန်ကြီးဌာနက ကျင်းပသော စာမေးပွဲများတွင် အောင်မြင်ကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးနေရှိန်းက တိုင်းအမှူးဆောင်များအား ဂုဏ်ထူးဆောင်စလွယ်များကို ထပ်ဆင့်ချီးမြှင့်ပေးခဲ့သည်။

**တင်ဝင်းတင်**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | – ဦးဝင်းနိုင် | သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | သုတေသန | – | ဒေါ်ဇင်မာဝင့် |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | – | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ခဲ့သောဥပဒေရုံးများ ပြန်လည်ပြုပြင်ရန်နှင့် ရေဘေးသင့်ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်ခဲ့သော ဥပဒေရုံးများ ပြန်လည်ပြုပြင်ရန်နှင့် ရေဘေးသင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ငွေကျပ်သိန်း ၉၀ နှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ရေဘေးကျရောက်စဉ် တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဝန်ထမ်းများ ထိခိုက်သေဆုံးမှုမရှိဘဲ အဆောက်အအုံများ အနည်းငယ်သာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရေဘေးသင့်ခဲ့သည့် ဥပဒေရုံးအဆောက်အအုံများ ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးဥပဒေချုပ်ထံ ပေးအပ်ပြီး ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ပဲခူးခရိုင်ဥပဒေရုံး၊ ပဲခူးမြို့နယ်ဥပဒေရုံးတို့အား ပြန်လည်ပြုပြင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကန်ပြောင်စံပြကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ကျေးရွာရှိ စိတ်တူကိုယ်တူ ဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်း ထူထောင်ပြီး စီးပွားဖြစ်လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ကျေးရွာသူ ကျေးရွာသားများအားလုံး ပူးပေါင်းလုပ်ဆောင်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံစဉ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောက်တန်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှု၊ ရိတ်သိမ်းနေမှုနှင့် ကန်ပြောင်စံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများ၏ ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်



လမ်း၊ စိုက်ပျိုးရေရရှိရေးနှင့် နည်းပညာလိုအပ်မှု တင်ပြချက်များအပေါ် အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သော အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းနှင့် ရေပိုက်လိုင်း သွယ်တန်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျေးရွာအနောက်ပိုင်းရွာတွင်းလမ်းမ ကွန်ကရစ်ခင်းခြင်းနှင့် အုတ်စီရေမြောင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ထောက်ပံ့ရန်ပုံငွေ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ရောက်ရှိပြီး တက္ကသိုလ်ဝင်းအတွင်း အရှည် ပေ ၁၄၄၀ ရှိ အဓိပတိလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများအတွက် လက်တွေ့ပညာသင်ကြားနိုင်ရေး လှူမှုဆန်းသစ်တီထွင်မှု အထောက်အကူပြု ယူနစ်စင်တာ တည်ဆောက်ခြင်းလုပ်ငန်းနှင့် တက္ကသိုလ်အဝင်မုခ်ဦးနှင့် ဂိတ်တံခါးပြုလုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ ရှေ့ဖုံးမှ

ရန်ကုန်-ကူမင်း ခရီးစဉ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ထွက်ခွာမည်ဖြစ်ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကူမင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ကူမင်း-ရန်ကုန် ခရီးစဉ်တွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ လေယာဉ်လက်မှတ်ဈေးနှုန်းများအနေဖြင့် အသွားတစ်ကြောင်းလျှင် အမေရိကန်ဒေါ်လာ ၂၇၉ ဒေါ်လာနှင့် အသွားအပြန်ဆိုပါက အမေရိကန်ဒေါ်လာ ၄၆၄ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအမျိုးသားလေကြောင်းက ရန်ကုန်-ကူမင်း-ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးခရီးစဉ် Cargo Flight ကို နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Boeing 737-400 Freighter လေယာဉ်ဖြင့် စတင်ပျံသန်းပြေးဆွဲခဲ့ပြီး နေ့စဉ်ပျံသန်းပြေးဆွဲပေးရန် စီစဉ်ထားကြောင်း သိရသည်။



အလားတူ မြန်မာအမျိုးသားလေကြောင်းက ပြည်တွင်းခရီးစဉ်တစ်ခုဖြစ်သည့် ရန်ကုန်-မြိတ်-ရန်ကုန် ပြည်တွင်းခရီးစဉ်ကိုလည်း နိုဝင်ဘာ ၄ ရက်မှစတင်၍ အပတ်စဉ် တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့များတွင် Boeing 737-800 NG လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယင်းခရီးစဉ်တွင် လိုက်ပါသည့် ခရီးသည်များအနေဖြင့် Baggage Allowance များ ဖြစ်သော Business Class: 30kg၊ Premium Economy Class: 25kg၊ Economy Class: 20kg နှင့် Hand Carry Baggage 7 kg သယ်ဆောင်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ ပွင့်ဖြူမြို့နယ်မှ

မြေအောက်ရေတို့ဖြင့် ကြိုးပမ်းစိုက်ပျိုးခဲ့ရာ ယနေ့အထိ ဆောင်းကြက်သွန်နီစိုက်ဧက ၅၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးနှံနှင့် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်းနှင့် ဒေသခံတောင်သူများ စိုက်ပျိုးသည့် ကြက်သွန်နီမှာ ဈေးကွက်၌ အရောင်းအဝယ်ကောင်းမွန်သဖြင့် မကွေးမြို့နှင့် မင်းဘူးမြို့နယ်များသို့ ရောင်းချရသည့်အပြင် ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များမှ ကုန်သည်များက ကြက်သွန်နီ လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကောင်းပေးဝယ်ယူကြသဖြင့် ကြက်သွန်စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့်ပတ်သက်၍ ဒုတိယအကြိမ် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကြမည့် Borderless Broadcast Co;Ltd နှင့် Hey Play Co; Ltd တို့နှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားတို့သို့ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၅

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်၍ ဒုတိယအကြိမ် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ အလုပ်အမှုဆောင်များ၊ ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသည်မှာ သောင်းကျန်းသူအဖွဲ့ သုံးဖွဲ့ ပူးပေါင်း၍ အကြမ်းဖက်လုပ်ရပ်များပင်ဖြစ်ကြောင်း၊ ရုပ်ရှင်လောကသားများ အနေဖြင့် အဆိုပါ လုပ်ရပ်များအပေါ် လက်မခံကြောင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသူများထံ စာများရေးသားပေးပို့ခြင်း၊ သဝဏ်လွှာများပေးပို့ခြင်း၊ ကူညီထောက်ပံ့မှုများပေးခြင်းနှင့် အဆင်ပြေသည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသူများ၊ မိသားစုဝင်များအား အနုပညာရှင်များက သွားရောက်ဖျော်ဖြေခြင်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုသည် ရုပ်ရှင်အနုပညာသမားများ၏ အိပ်မက်ပင်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနက ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို အင်တိုက်အားတိုက် ဆောင်ရွက်နေသလို ရုပ်ရှင်အနုပညာသမားများကလည်း လိုလိုလားလား တက်တက်ကြွကြွပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပနိုင်ခဲ့သည့်အတွက် ငြိမ်သက်နေသည့် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်နိုးထသက်ဝင်လာပြီး ပုံမှန်နီးပါးဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ယခုကျင်းပမည့် ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကြီးကို ပိုမိုကောင်းမွန်ပြည့်စုံပြီး အဆင့်အတန်းမီစွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကျင်းပနိုင်ရန်အတွက် ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ရေးကိစ္စကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တာဝန်ယူဆောင်ရွက်ပေးရန်နှင့် ကျန်ရှိသည့်လုပ်ငန်းများကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ရုပ်ရှင်လောက အပါအဝင် အနုပညာလောက တစ်ခုလုံးအတွက် စိတ်စေတနာကောင်းများဖြင့် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခင်ကျင်းပခဲ့သည့် အခမ်းအနားများ၏ အားသာချက်၊ အားနည်းချက်များကို အခြေခံကာ လိုအပ်ချက်များ၊ အားနည်းချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားသည် ရုပ်ရှင်လောကသားများ၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်း၊ ဂုဏ်ဒြပ်များကို ထင်ဟပ်ဖော်ပြနိုင်သည့် အခမ်းအနားဖြစ်သဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရန် ရုပ်ရှင်လောကနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်များ၊ လုပ်ငန်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး နာယကကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့်ပတ်သက်၍ ဒုတိယအကြိမ် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် Borderless Broadcast Co;Ltd မှ ဥက္ကဋ္ဌ ဦးကျော်ကျော်တို့ DTH လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်။

**လက်မှတ်ရေးထိုးပွဲတက်ရောက်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးစေတီလမ်းပေါ်ရှိ Melia Hotel ၌ ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ကြမည့် Borderless Broadcast Co;Ltd နှင့် Hey Play Co; Ltd တို့နှင့် လုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Borderless Broadcast Co;Ltd ၊ Hey Play Co; Ltd၊ Myanmar Broadcast Association (MBA)၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်၊ Forever Group Co;Ltd၊ Family Entertainment Group (5 Plus)၊ Fortune Broadcasting Co;Ltd (Fortune TV)၊ Channel K ၊ YTU၊ M Channel၊ ABC Content Solutions ၊ New Image Trading Co; Ltd၊ FM ပုဂံ၊ ပတ္တမြား FMနှင့် Cherry FM တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးရှေ့မှောက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်နှင့် Borderless Broadcast Co;Ltd မှ ဥက္ကဋ္ဌတို့က DTH လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီး အပြန်အလှန် ပေးအပ်ကြသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်နှင့် Hey Play Co; Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးထက်ခိုင်ဝင်းတို့က MRTV Farmers' Channel နှင့် Sports Channel များအား အဆင့်မြှင့်တင်ထုတ်လွှင့်မှု (Channel Rebranding) လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီး အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV ရုပ်သံလိုင်းကို ၁၉၈၀ ပြည့်နှစ်မှစ၍ Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ရုပ်သံလိုင်း ၁၈ လိုင်းကို DVB-T2(Digital) စနစ်ဖြင့် လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် DTH စနစ်ဖြင့် လည်းကောင်း တိုးချဲ့ထုတ်လွှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် DTH လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိသည့် Broadcaster သုံးဦးရှိပြီး Forever Group Co;Ltd (Canal+)၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် (Sky Net) နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV DTH)တို့ဖြစ်သည်။ ယခု Borderless Broadcast Co;Ltd(Myansat)က လေးခုမြောက် DTH လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပြီး ရုပ်သံထုတ်လွှင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Hey Play Co;Ltd တို့ကြား MRTV Farmers' Channel နှင့် MRTV Sports Channel တို့မှ အသိပညာနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ၁-၈-၂၀၂၃ ရက်မှစ၍ စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး ယခုအခါ အဆင့်မြှင့်တင်ထုတ်လွှင့်မှု (Channel Rebranding) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် အစိုးရနည်းပညာ ကောလိပ် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၇-၁၁-၂၀၂၃ ရက်မှ စတင်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ Website: www.most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: www. dtvet.edu.mm၊ www.dtvet.gov.mmနှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည် ဖြစ်ပါသည်။

ပထမနှစ်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ၁၆-၁၁-၂၀၂၃ ရက်မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကြေညာချက်

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၇-၁၁-၂၀၂၃ ရက်မှ စတင်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website www.dast.edu.mm၊ www.dast.gov.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည် ဖြစ်ပါသည်။

ပထမနှစ်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ၁၆-၁၁-၂၀၂၃ ရက်မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု လုပ်ငန်းစဉ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး


**နေပြည်တော် နိုဝင်ဘာ ၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Professor YIN Hejun နှင့် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chongqing မြို့ရှိ Wyndam Chongqing Yuelai Hotel ၌ တွေ့ဆုံပြီး သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အကြား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးလုပ်ငန်းစဉ်များ ပူးတွဲ အကောင်အထည်ဖော်ခြင်း စာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သတင်းအချက်အလက်နည်းပညာ(ICT) သုတေသနစင်တာများ ထူထောင်ရေး၊ Artificial Intelligent(AI) ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဆိုင်ရာ တိကျတိုင်းတာရေး၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေး၊ အရည်အသွေး ပြည့်ဝ၍ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော တန်ဖိုးမြင့်အစားအသောက်များ ထုတ်လုပ်ရေး၊ နည်းပညာနှင့် ဓာတုနည်းပညာတီထွင်ဆန်းသစ်မှုဆိုင်ရာကိစ္စများဆောင်ရွက်ရေး၊ သတ္တုဗေဒနှင့် ဒြပ်ပစ္စည်းသိပ္ပံဆိုင်ရာ သုတေသနများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပညာတော်သင်စေလွှတ်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Chongqing မြို့ရှိ အပြည်ပြည်ဆိုင်ရာ သိပ္ပံပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးစင်တာ၊ Jinfeng ဓာတ်ခွဲခန်း၊ Western Science City Intelligent Connected Vehicle Innovation Center တို့သို့ 



သွားရောက်လေ့လာပြီး ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chongqing မြို့တော်ဝန် Hu Henghua က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ဒေသတွင်း သိပ္ပံနှင့် နည်းပညာဆိုင်ရာဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအစည်းအဝေး (၂/၂၀၂၃) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအစည်းအဝေး(၂/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းက နေပြည်တော် တိုင်းရင်းဆေးရုံကြီးခုတင်(၁၀၀) တွင်ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။






ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကောင်စီအတွင်းရေးမှူး ဦးဝင်းဇော်က အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြအတည်ပြုချက်ရယူသည်။ ထို့နောက်တက်ရောက်လာကြသူများက အထွေထွေဆွေးနွေး တင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီ နာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်း**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သမဝါယမအသင်းစု၏ ကုန်မျိုးစုံလက်လီလက်ကား အရောင်းဆိုင် ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် မကွေးလမ်း မြို့နယ်အသင်းစုရုံး၌ ယနေ့နံနက် ၁၀ နာရီက သမဝါယမအသင်းသားများနှင့် ပြည်သူများသို့ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် ကုန်မျိုးစုံ လက်လီလက်ကားအရောင်းဆိုင်ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့်နှင့် တိုင်းဒေသကြီး အသင်းစုချုပ်ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ဝန်ထမ်းများ၊ အသင်းသား အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ရှမ်းပြည်တောင်ပိုင်း ကလောခရိုင်မှ အောင်ပန်း-ပင်မှီ-အင်းတိန်လမ်း ခရိုင်လမ်းဦးစီးမှ အဆင့်မြှင့်တင်

ခရမ်းစိုးမြင့်


ရှမ်းပြည်နယ်သည် ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထွက်ပြီးနောက် တောင်ကြီးမြို့နယ်တွင် ဗဟိုပြု၍ တိုင်းမင်းကြီးက အုပ်ချုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာသောအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ နေပြည်တော်ကောင်စီနယ်မြေ တစ်ခုတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၄-၂-၂၀၁၃) ရက်စွဲပါစာအမှတ် (၁၀၀/၆-၄) (၃၂၀) ရေး ၁ ဖြင့် ရှမ်းပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

**ခရိုင် ခြောက်ခရိုင်ဖြင့် ဖွဲ့စည်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)သည် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ ကလောခရိုင်၊ နမ့်စန်ခရိုင်၊ မိုင်းရှူးခရိုင် စသည့် ခရိုင် ခြောက်ခရိုင်ဖြင့် ဖွဲ့စည်းထားပြီး ကလောခရိုင်ဆိုင်ရာ အချက်အလက်များမှာ ဧရိယာ ၁၉၅၁ ဒသမ ၁၁၂ စတုရန်းမိုင်၊ လူဦးရေ ၄၆၆၅၉၂ ဦး၊ လမ်းဦးစီးဌာနပိုင်လမ်းအရှည်စုစုပေါင်း ၃၁၇ မိုင် ၁ ဖာလုံ၊ လမ်းဦးစီးဌာနပိုင် AC လမ်းအရှည် ၄၆ မိုင် ၁ ဖာလုံ၊ လမ်းဦးစီးဌာနပိုင်ကွန်ကရစ်လမ်းအရှည် ၁၄ မိုင် ၄ ဒသမ ၅၈ ဖာလုံ၊ ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းများ သုံးလမ်း (၁၀၈ မိုင် ၇ ဖာလုံ)၊ ပြည်နယ်မှ စီမံခန့်ခွဲသောလမ်းများ ၁၆ လမ်း (၂၀၈ မိုင် ၂ ဖာလုံ)၊ အထင်ကရနေရာများမှာ နီးဘုရား၊ အင်းလေးကန်၊ မြင်းမထိဂူတို့ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများပါဝင်သော အဖွဲ့သည် ၃၀-၉-၂၀၂၁ ရက်နေ့မှ ၃-၁၀-၂၀၂၁ ရက်နေ့အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် ဒေသခံပြည်သူလူထု၏ တောင်းဆိုချက်များအရ အောင်ပန်း-ပင်မှီ-အင်းတိန်လမ်း ၂၁ မိုင် ၂ ဖာလုံအနက် ၁၁ မိုင် ၅ ဖာလုံအား ကွန်ကရစ်လမ်းခင်းပြီး ကျန် ကိုးမိုင် ငါးဖာလုံအား ကွန်ကရစ်လမ်းခင်းပေးရန် လမ်းညွှန်ခဲ့သည်။




ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကလောမြို့နှင့် နမ်ပန်းတက်ကြားရှိ မြွေလိမ်မြွေကောက်လမ်းကို တွေ့ရစဉ်။

အောင်ပန်း-ပင်မှီ-အင်းတိန်လမ်းသည် ၂၁/၂ မိုင်ရှည်ပြီး ကလောမြို့နယ် အောင်ပန်းမြို့နှင့် ညောင်ရွှေမြို့နယ် အင်းတိန်ဒေသကို ဆက်သွယ်ပေးသော အနီးဆုံးလမ်းတစ်လမ်း ဖြစ်သည်။ ပြည်နယ်မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းအဆင့်အတန်း သတ်မှတ်ချက်အနေဖြင့် မြို့နယ်-ကျေးရွာတို့သို့ ဆက်သွယ်ပေးသောလမ်းဖြစ်သည်။

အောင်ပန်းမြို့မှ အင်းတိန်သို့ မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင် (၉၉/၂)မှတစ်ဆင့် တောင်လေးလုံး-ရေပူ-ခေါင်တိုင်လမ်း၊ ခေါင်တိုင်-အင်းတိန်လမ်းမှသွားပါက ၄၃ မိုင်ခန့်၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း အောင်ပန်းမြို့ မိုင်တိုင် (၇၇/၄)မှတစ်ဆင့် အောင်ပန်း-ပင်မှီ-အင်းတိန်လမ်းမှသွားပါက (၂၁/၂ မိုင်) သွားရပါသဖြင့် မိုင်အားဖြင့် နှစ်မိုင်ခန့်၊ အချိန်အားဖြင့် ၄၅ မိနစ်ခန့် သက်သာပါသည်။ သဘာဝအခြေခံခရီးသွားဒေသများဖြစ်သည့် ကလောဒေသနှင့် အင်းလေးဒေသကို အနီးဆုံးဆက်သွယ်ပေးသော လမ်းဖြစ်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ခုနစ်ရွာ၊ အိမ်ခြေ ၃၀၈၃ အိမ်၊ အိမ်ထောင်စု ၃၁၄၉ စုနှင့် လူဦးရေ ၁၃၆၀၃ ဦးအား တိုက်ရိုက်အကျိုးပြုကာ အင်းလေးဒေသအတွင်းရှိ ဒေသထွက်ကုန်စည်များ အောင်ပန်းမြို့သို့ လွယ်ကူလျင်မြန်စွာ စီးဆင်းနိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်သော လမ်းတစ်လမ်း ဖြစ်သည်။

ထို့ကြောင့် ကျန်ရှိနေသည့်အမာခံလမ်း ကိုးမိုင်ငါးဖာလုံအနက် တစ်မိုင် တစ်ဖာလုံအား ၂၀၂၁-၂၀၂၂ (ခြောက်လ) ဘဏ္ဍာနှစ်တွင် ၁၂ ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမာခံလမ်း ရှစ်မိုင် လေးဖာလုံအနက် ခုနစ်မိုင်အား ၁၂ ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး တစ်မိုင် လေးဖာလုံအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် ၂၁ မိုင် ၂ ဖာလုံအား ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ရေးသားမျှဝေလိုက်ရပါသည်။ ။



အောင်ပန်းခရိုင် လမ်းဦးစီးဌာနက ဆောင်ရွက်ထားသည့် အောင်ပန်း-ပင်မှီ-အင်းတိန်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တွေ့ရစဉ်။

**❝သဘာဝအခြေခံ ခရီးသွားဒေသများဖြစ်သည့် ကလောဒေသနှင့် အင်းလေးဒေသကို အနီးဆုံးဆက်သွယ်ပေးသော လမ်းဖြစ်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ခုနစ်ရွာ၊ အိမ်ခြေ ၃၀၈၃ အိမ်၊ အိမ်ထောင်စု ၃၁၄၉ စုနှင့် လူဦးရေ ၁၃၆၀၃ ဦးအား တိုက်ရိုက်အကျိုးပြုကာ အင်းလေးဒေသအတွင်းရှိ ဒေသထွက်ကုန်စည်များ အောင်ပန်းမြို့သို့ လွယ်ကူလျင်မြန်စွာ စီးဆင်းနိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်သော လမ်းတစ်လမ်းဖြစ်❞**

## တောင်ကြီးမြို့နယ် ဘန့်ကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်ကြီး နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန့်ကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ တောင်ကြီးမြို့နယ် ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ဘန့်ကွဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးဧက ၁၀၁ ဧက၌ နေကြာနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိ/မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဘန့်ကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်မြောက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁၂ သိန်းကို နေကြာစိုက်တောင်သူ ၄၄ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း ထံမှ သိရသည်။ ၂၂၂

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ မိုး/ ဇလ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျုံကူးရွာ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၂၃၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

### ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၃၇၈ ဦး၊ ခွဲစိတ်ရောဂါ ၁၀၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၃ ဦး၊ ကလေးရောဂါ ၆၂ ဦး၊ အရိုးရောဂါ ၂၀၂ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၈၆ ဦး၊ မျက်စိရောဂါ ၂၅၁ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၇ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်



ဦးဝင်းလွင်

စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါ ရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ ငါးဦးကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ နိုဝင်ဘာ ၄ ရက် ည ၁၁ နာရီ ၃၇ မိနစ်တွင် ငပုတောမြို့နယ် ကျုံကူးရွာနေ မီးဖွားလူနာ ဒေါ်တင်တင်မြင့်ကို(၆ ပေါင် ၈ အောင်စရှိ) သားရတနာတစ်ဦး အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့် ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်းနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စား ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဦးဆုံး မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၏ ဆေးကုသပေးမှု သမိုင်းမှတ်တမ်းတွင် ၁၉ ဦး မြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်း ဖြစ်သည်။




မနှင်းအိဖြိုး

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဟင်္သာတမြို့ ပခမ်းရပ်ကွက် ပွဲရုံလမ်း ကမ်းနားဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဟင်္သာတမြို့ရှိ လယ်တော် ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၀၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

### ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၁၃ ဦး၊ ခွဲစိတ်ရောဂါ ၅၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ လေးဦး၊ အရိုးရောဂါ ၅၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၁ ဦး၊ မျက်စိရောဂါ ၁၁၄ ဦးနှင့် သွားရောဂါ ငါးဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ ကျန်းမာရေး ဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါသည်-

**ဦးဝင်းလွင်**

လက်ရှိအနေအထားကတော့ ဒူးကတော့မကောင်းတာ တစ်နှစ်လောက်ရှိပါပြီ။ လမ်းသွားလို့ရှိရင် နာနေတာပေါ့၊ အခုလာပြတာပါ။ ဆရာဝန်ကတော့ ဒူးကိုလက်ရှိအနေအထားကတော့ သောက်ဆေးပဲ သောက်ပါပြောပါတယ်။ နောက်ပိုင်းကျရင်တော့ ဒူးထဲကို ဆေးထိုးရမယ်လို ပြောပါတယ်။ ဝမ်းသာတာပေါ့၊ အခုဆိုတစ်နေရာတည်းမှာ ရောဂါပေါင်းစုံကို ပြလို့ရတယ်။ ကျွန်တော်တို့မြို့က ပြည်သူတွေက နယ်လှည့်ဆေးကုသရေးအဖွဲ့ကို စောင့်နေတာကြာပါပြီ။ အခုလို ကျန်းမာရေးအဖွဲ့တွေနဲ့ တပ်မတော်သား ဆရာဝန်တွေပါ လာရောက်ပြီး ပြည်သူတွေကို ကုသပေးတဲ့အတွက် အတိုင်းအထက်အလွန် ဝမ်းသာပါတယ်။ နောက် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်းနဲ့ ပြည်သူတွေကို လာပြီး ဂရုတစိုက်ပြုစုပေးတဲ့အတွက် ပြည်သူတွေကိုယ်စား ဝမ်းသာအားရပါကြောင်း ပြောလိုပါတယ်။

**မနှင်းအိဖြိုး**

မျက်စိဖြစ်တာ တစ်နှစ်ကျော်လောက်ကြာပါပြီ။ ပုသိမ်မှာ သွားပြဖို့က ငွေရေးကြေးရေး မတတ်နိုင်တဲ့အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ပြီး ကုပေးတဲ့အတွက် မျက်စိလာရောက် ပြသတာပါ။ အရင်တုန်းက မျက်စိကကိုက်တယ်။ ကောင်းကောင်းမွန်မွန် နွေးထွေးစွာ ကုသပေးတဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## ပြည်သူပေးသောခွန်အား

❖ လှိုင်းနှယ်နိမ့်မြင့်၊ တောင်စဉ်ဆင့်၍
ပြာရင့်မှိုင်းမှိုင်း၊ ပတ်လည်ဝိုင်းသည်
တံတိုင်းကာရံထားသလို။

❖ လူနေမနီး၊ တောကြီးခေါင်ခေါင်
တောင်တို့ထပ်ထပ်၊ ဤမြိုင်ရပ်သည်
တပ်စုခံစစ်ယူရာတည့်။

❖ ကျင်းနှုတ်ခမ်းတွင်၊ သေနတ်တင်ကာ
ရှင်သောမျက်စိ၊ ဘယ်ညာဝေ့လျက်
မြဲပေ့သတိ၊ ရန်ဖွေကြည့်သော်...။

❖ နှင်းမြူယှက်သန်း၊ တောင်ခါးပန်းတွင်
ယမ်းငွေ့လည်းရော၊ ဖုန်လည်းနှော၍
တောင်ကြောတစ်လျှောက် လေဝယ်လွင့်။

❖ တောင်ကုန်းပြေပြေ၊ ခုလတ်မြေ၌
လူသေတင်းကျမ်း၊ သွေးနီလွှမ်းကာ
ယမ်းကပ်သေနတ် ပြန့်လွင့်ကြဲ။

❖ တောင်ခြေတောထဲ၊ ချုံတွေထဲမှ
တပ်လန်သူတို့၊ အားယူချောင်းမြောင်း
ဒေါထောင်းထောင်းနှင့်
တစ်မောင်းတစ်ချီ စမ်းဦးမည်။

❖ နေလုံးကွယ်ပျောက်၊ အမှောင်ရောက်က
အထောက်အကူ၊ မျက်ကွယ်ယူပြီး
ရန်သူတစ်ဖန် တိုက်လိမ့်မည်။

❖ ဆယ်ဆတစ်ဆ၊ အားကွာလှ၏
ကျည်က ပြတ်လု၊ များစုထိမှန်
ရေမကျန်ပြီ....
တင်းခံနိုင်ပါဦးမည်လား...။

❖ တစ်စတစ်စ၊ ရှမ်းရိုးမလည်း
ဆွဲချနေကို၊ မြေထဲမျိုပြီ။

❖ နာရီလက်တံ၊ အသွားမြန်စွ
ညဥ့်ယံ ဖိတ်ခေါ်နေသည့်နှယ်။

❖ ထိုစဉ်ခဏ၊ သတိရမိ
မြောက်မှရန်စွယ်၊ အန္တရာယ်ကို
ကာကွယ်နေသူ၊ မျိုးချစ်သူကို
"ပြည်သူဂုဏ်ပြု၊ အားပေးမှု"တည့်။

❖ သည်တော့မှပင်
ဝင်ခဲ့သတ္တိ၊ ရှိခဲ့အားမာန်
ထန်ခဲ့တိုက်စိတ်၊ အံခဲကြိတ်၍
မမိုတ်မသုန်၊ အာရုံမလွင့်
နားကိုစွင့်လျက်၊ စစ်ထိုးဘက်ကို
ချေဖျက်မှုန်းရန်၊ စိတ်အားသန်သည်...
ဆယ်ပြန်ဆယ်သက် သေပါစေ၊
ပြည်သူ့အတွက် သားကောင်းတွေ။ ။

**ကို(တက္ကသိုလ်)**

(ရှမ်းမြောက်ရောက်တပ်မတော်သားများကို ဂုဏ်ပြုလျက်)

# မဟာမြတ်မုနိဘုရားကြီး ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက် ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနား ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ နာဂဝိသတောင်ရိုးတန်းတွင် တင့်တယ်သပ္ပာယ်စွာ ပွင့်ထွန်းတည်ထားကိုးကွယ်တော်မူသော မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ဘုရားကြီး၏ ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက် ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာနှင့်ဗုဒ္ဓါဘိသေက အနေကဇာတင် အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မဟာမြတ်မုနိရုပ်ရှင်တော်မြတ် ဘုရားကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ထို့နောက် ဩဝါဒ ဆရာတော်ကြီးများက ဦးစီးအမှူးပြု၍ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီး၏ ဦးသျှောင်မကိုဋ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခဲ့ပြီး မဟာမြတ်မုနိဘုရားကြီး ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက် ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီးဝင်းအတွင်းရှိ သုခချမ်းသာကျောင်းဆောင်တော်ကြီး၌ ကျင်းပသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝံသ ဆရာတော်ထံမှငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်ထံမှ မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် နဂါးပရိယတ္တိစာသင်တိုက်ရှိဆရာတော် သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဆရာတော်၊ သံဃာတော် အပါး ၁၂၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/သွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော ဆရာတော်၊ သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပုသိမ်မြို့နယ် ဈေးများတွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ပုသိမ် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင်ဈေးများတွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးအသုံးချမှုနှင့် အသိပညာပေးဟောပြောခြင်း၊ အရေးပေါ်မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေးနှင့်ရွှေပြည်သာဈေးကြား ဈေးချောင်းလမ်းတွင် ပြုလုပ်ခဲ့သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးပိုင်က အသိပညာပေးဟောပြောပွဲနှင့် အရေးပေါ်မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုသိမ်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွဋ်က ဈေးသူဈေးသားများအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးဆောင်သည့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မှုဝန်ထမ်းများ၊ ဈေးကော်မတီများ၊ ဈေးလုံခြုံရေးဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ စုစုပေါင်းအင်အား ၁၄၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

ဘားအံ နိုဝင်ဘာ ၅

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်စံပြကျေးရွာရှိ ယုဇနလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၏ အသင်းပိုင်ငွေကျပ်သိန်း ၉၄ ဒသမ ၅၀ ဖြင့် အသင်းသား ၂၅ ဦး တို့အား ပံ့ပိုးငွေထုတ်ပေးသည့် အခမ်းအနားကို ထုံးအိုင်စံပြကျေးရွာတွင် ကျင်းပခဲ့ရာ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ အသင်းအမှုဆောင်များနှင့် အသင်းသားအသင်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က အမှုဆောင်အဖွဲ့အနေဖြင့် ပံ့ပိုးငွေများကို ထုတ်ပေးရာတွင် သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အသင်းသားတစ်ဦးချင်း လက်ဝယ်ရောက်ရှိစေရေး ကြီးကြပ်ဆောင်ရွက်စေပြီး အမှုဆောင်များနှင့် အသင်းသားများအား သမဝါယမကျင့်ဝတ်၊ အနှစ်သာရ၊ မူဝါဒလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများသိရှိစေရေးနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

ကသာ နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကသာမြို့နယ်စာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ကသာမြို့နယ် စာရေးဆရာအသင်းနာယက ဦးချစ်မြိုင်(ကသာ-သင်းမွှေး)က အဖွင့်အမှာစကားပြောကြားပြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စောကလျာက စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ အချိန်မီကျင်းပနိုင်ရေး၊ ကသာမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ-ကသာ)က စာပေဟောပြောပွဲဖြစ်မြောက်ရေး၊ အတွင်းရေးမှူးဦးမောင်လေး(မောင်လေး-ကသာ)က စာရေးဆရာအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦး(ဦးရဲ-ကသာ)ကအသင်း၏ လက်ရှိဘဏ္ဍာရေးအခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ပြီး ကသာမြို့နယ် စာရေးဆရာအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၅

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းအဆင့်ဆင့်အနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင်လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်သွားရန်လိုအပ်



**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၉/၂၀၂၃)ကို နိုဝင်ဘာ ၃ ရက်နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက (၈/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို ဖတ်ကြားတင်ပြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန် ချိန်ထိုးသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီဆိုသည့်အတိုင်း နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်၍ တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင်လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ချင့်ချိန်ဆောင်ရွက်ကြရန်၊ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် စနစ်တကျဆောင်ရွက်ရန်၊ နေ့စဉ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို Check List များထား၍ ဆောင်ရွက်ရန်၊ မိမိတို့နှင့် နီးနွှယ်နေသည့် လုပ်ငန်းရပ်များ အောင်မြင်စေရေး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများ၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှူးက ပြည်ထောင်စုငွေလုံးငွေရင်းနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူးက စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းများအား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရဌာနများမှ ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်ကြီး တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေ၊ မူဝါဒများနှင့်အညီ စနစ်တကျရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန် နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**






# ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ နိုဝင်ဘာ ၄ ရက်တွင် လာရောက်လေ့လာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ အလားတူ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ရုရှားစစ်ရေယာဉ်များသို့ သွားရောက်လေ့လာရာ ရုရှားစစ်ရေယာဉ်များမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ ရေယာဉ်ပေါ်တွင် လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**ယှဉ်ပြိုင်**

နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ရုရှားစစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ၊ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲနှင့် ချစ်ကြည်ရေး လွန်ဆွဲပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ပထမအဆင့်အနေဖြင့် နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များဖြင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်း(Harbour Phase) ဆောင်ရွက်ခဲ့ကြသည်။ ရုရှားစစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် ရန်ကုန်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီး သွားရောက် လည်ပတ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့၌ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ အလယ်တန်း/အထက်တန်းဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၄ ရက်မှစတင်ကာ မြို့မအားကစားကွင်းကြီးတွင် အားကစားနည်းများအလိုက် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ သံလုံးပစ်၊ သံပြားပစ်၊ အမြင့်ခုန်၊ သုံးဆင့်ခုန် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀ ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ အခြေခံပညာအလယ်တန်းကျောင်း/အထက်တန်းကျောင်းပေါင်း ၃၃ ကျောင်းမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူး(ပူးတွဲတာဝန်) ဦးခင်ဌေးနှင့် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့များမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက်



ကျင်းပပေးလျက်ရှိပြီး ခရိုင်အဆင့်ပြိုင်ပွဲများတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၅၀ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၄-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၈၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရဲနွယ်ချောင်းရေဖြင့် သီးထပ်စိုက်ပျိုးနိုင်သည့်ဧရိယာများ ဖော်ဆောင်မည်

ပဲခူးရိုးမမှ မြစ်ဖျားခံစီးဆင်းလာသော ရဲနွယ်ချောင်း၊ ဘိုင်းဒါးချောင်းတို့သည် ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းကာ စစ်တောင်းမြစ်အတွင်း စီးဝင်သွားသည်။ ရိုးမကို မြစ်ဖျားခံစီးဆင်းလာသော မြစ်ချောင်းများ၏ ရေချိုအရင်းအမြစ်ကို အလဟဿမဖြစ်စေဘဲ စိုက်ပျိုးရေးအတွက် အကျိုးရှိရှိ အသုံးချသွားနိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် စီမံဆောင်ရွက်ခဲ့ရာ ရဲနွယ်ရေလှောင်တမံကို (၂၀၀၆-၂၀၀၇)ခုနှစ်တွင်လည်းကောင်း၊ ဘိုင်းဒါးချောင်းတွင် ဘိုင်းဒါးရေလှောင်တမံကို (၂၀၀၂-၂၀၀၃)ခုနှစ်တွင်လည်းကောင်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည်။

**မြတ်သူ**

ညောင်လေးပင်မြို့နယ်သည် စပါး၊ ပဲမျိုးစုံအပါအဝင် သီးနှံမျိုးစုံ စိုက်ပျိုးထွက်ရှိပြီး လက်ရှိမိုးစပါးစိုက်ဧက ၁၃၅၇၀၃ ဧက၊ နွေစပါးစိုက်ဧက ၇၆၃၆ ဧကရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ရာသီပတ်လုံးရေရှိတဲ့ ရဲနွယ်ချောင်းရေ**

"ဒီဒေသတွေမှာ စပါး၊ ပဲမျိုးစုံအပါအဝင် သီးနှံမျိုးစုံစိုက်ပျိုးတယ်။ ဒီလိုစိုက်ပျိုးတဲ့အခါ တစ်သီးစားတင်မကဘဲ တောင်သူတွေ သီးထပ်စိုက်နိုင်အောင် ကျွန်တော်တို့ဌာနအနေနဲ့ ဆောင်ရွက်သွားမယ့်အစီအမံတွေ ရှိပါတယ်။ ရဲနွယ်ရေလှောင်တမံ တည်ဆောက်ပြီးစီးခဲ့ပေမယ့် ရေသောက်စနစ်တစ်ခုလုံး အပြည့်အဝမပြီးစီးသေးပါဘူး။ အခုကတော့ ရဲနွယ်ချောင်းရေရဲ့ ညောင်လေးပင်မြို့နယ်အတွင်းမှာ စိုက်ပျိုးနိုင်ဖို့ Quick Win အနေနဲ့ ဆောင်ရွက်တာပါ။ ရာသီပတ်လုံး ရေရှိတဲ့ ရဲနွယ်ချောင်းရေကိုအသုံးပြုပြီး စိုက်ပျိုးရေပေးနိုင်ဖို့



ရဲနွယ်ရေလှောင်တမံကို တွေ့ရစဉ်။

လည်း ဧကပေသန်းပေါင်း ၃၀ ခန့်သာ အသုံးပြုနိုင်ပြီး ကျန်ဧက ပေသန်းပေါင်း ၈၃၀ ခန့်မှာ ပင်လယ်ထဲသို့ စီးဝင်သွားကြောင်း သိရှိရသည်။

ရှိတယ်။ အဲဒီအချိန်က အောင်မြင်တယ်။ ဒါပေမဲ့ အောင်းကြီးချောင်းက ပြန်ပိတ်သွားတော့ တောင်သူတွေက ကိုယ်ထူကိုယ်ထ မလုပ်နိုင်ကြဘူး။ အခုလိုပြန်ပြီး



ရဲနွယ်ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနေမှုကို တွေ့ရစဉ်။

တမံမြှင့်ပိတ်မယ်။ ဒီကနေ အောင်းကြီး-၂ ချောင်းကို ပြန်တူးပြီး အောင်းကြီး-၂ ချောင်းဧရိယာတွေ နွေသီးနှံစိုက်နိုင်အောင် ရေပေးသွားမှာပါ" ဟု ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် မြေသယံဇာတများနှင့် စိုက်ပျိုးရေအတွက်လည်း မြစ်ချောင်းအင်းအိုင်များစွာကို ပိုင်ဆိုင်ထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးနိုင်ရုံဖြင့် ကျေနပ်နေ၍မရဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားသည်။

မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများ၏ စုစုပေါင်းစီးဆင်းရေပမာဏသည် ဧကပေသန်းပေါင်း ၈၇၀ ခန့်ရှိသော်

**သီးထပ်စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား**

ထို့ကြောင့် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးဒေသများအတွက် အလျင်အမြန် အချိန်တိုအတွင်း အကျိုးရှိစေမည့် သီးထပ်စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်တက်လာစေရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးရေးအတွက် အလားအလာရှိသည့် ရေချိုအရင်းအမြစ် တိုးတက်သုံးစွဲသွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ဘက်မှာ စပါးစိုက်ဧက ၅၀၀၀ လောက်ရှိတယ်။ ကျွန်တော်က လယ်ဧက ၄၀ လောက်ရှိပါတယ်။ လက်ရှိမှာတော့ မိုးစပါးနဲ့ ပဲစိုက်ပျိုးတာများပါတယ်။ တောင်သူတွေကတော့ ရေမျှော်တာပေါ့။ ၁၉၉၂ ခုနှစ်ဝန်းကျင်က လုပ်ပေးထားတာ ဆောင်ရွက်ပေးမယ်ဆိုတော့ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံဆိုပြီး သီးထပ်စိုက်ပျိုးနိုင်ပြီ"ဟု ညောင်လေးပင်မြို့ သံတံတားကျေးရွာမှ ဦးခင်ဝင်းက ပြောသည်။

သီးထပ်စိုက်ပျိုးခြင်းသည် စိုက်ပျိုးမြေတွင် သီးနှံနှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍ တစ်နှစ်တာအတွင်း သီးနှံတစ်ခုရိတ်သိမ်းပြီး နောက်သီးနှံတစ်ခုကို ထပ်မံစိုက်ပျိုးခြင်းဖြစ်သည်။ မိုးစပါး-ကုလားပဲ-နွေစပါး၊ မိုးစပါး-မြေပဲ-နွေနှမ်း စသည်ဖြင့် စိုက်ပျိုးသည့် သုံးသီးစိုက်သီးနှံပုံစံနှင့် မိုးစပါး-ချည်မျှင်ရှည်ဝါ၊ မိုးစပါး-နေကြာ၊ မိုးစပါး-မြေပဲ စသည်ဖြင့် စိုက်ပျိုးသည့် နှစ်သီးစိုက်သီးနှံပုံစံတို့သည် တောင်သူများ စိုက်ပျိုးမှုများသည့် သီးနှံပုံစံဖြစ်သည်။

ညောင်လေးပင် မြို့နယ်အတွင်း သီးထပ်စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်တက်လာစေရေးအတွက် အောင်းကြီး-၂ ချောင်းဧရိယာနှင့် ဇီးဖြူဘုရားရိုးဧရိယာ နွေစပါးစိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်သည်။

"အောင်းကြီး -၂ ချောင်း ဧရိယာ စီမံကိန်း ဆောင်ရွက်ပေးခြင်းအားဖြင့် ညောင်လေးပင် မြို့နယ်အတွင်းက ချောင်းရင်း၊ ကညင်နှစ်ပင်၊ အောင်းကြီးနဲ့ စီပင်ကျေးရွာအုပ်စုတွေက လယ်မြေတွေအတွက် မိုးစပါးအောင်ရေရဲ့ နွေစပါးသီးထပ်ဧရိယာ ၃၅၀၀ ကျော်ကို အကျိုးရှိစေမှာဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

အောင်းကြီး -၂ ချောင်း ဧရိယာ နွေစပါးစိုက်ပျိုးရေ ရရှိရေးလုပ်ငန်းတွင် ရေရယူမည့် ရဲနွယ်ချောင်းပေါ်၌ ယာယီချောင်းပိတ်ဆည် ပြုလုပ်ခြင်း၊ အောင်းကြီး -၂ ချောင်းကို ရေပေးဝေနိုင်စေရန် အလျား ၁ ဒသမ ၇၀ မိုင် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ပါဝင်သည်။

**နွေစပါးဧက ၄၀၀၀ ခန့်ကို သီးထပ်စိုက်ပျိုးသွား**

ထို့အတူ ဇီးဖြူဘုရားရိုးဧရိယာ နွေစပါးစိုက်ပျိုးရေ ရရှိရေးလုပ်ငန်းတွင် ဇီးဖြူဘုရားရိုးကို အလျား ၂ ဒသမ ၀၈ မိုင် ပြန်လည်တူးဖော်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ညောင်လေးပင်မြို့နယ် ဇီးဖြူဘုရားကျေးရွာအုပ်စုမှ မိုးစပါးစိုက်ပျိုးသည့် ဧရိယာများကို ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေမည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရာသီတွင် တိုက်ရိုက်ရေရယူနိုင်သည့် ဧရိယာ ဧက ၁၀၀၀ နှင့် တောင်သူများ၏ ကိုယ်ထူကိုယ်ထ ရေအနိမ့်တင်စနစ် (Low Lift)ဖြင့် ဧက ၃၀၀၀ စုစုပေါင်း နွေစပါးဧက ၄၀၀၀ ခန့်ကို သီးထပ်စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့က မိုးစပါးစိုက်တယ်။ ပဲစိုက်တယ်။ သီးနှံကတော့ မျိုးစုံစိုက်တယ်။ ကျွန်တော်တို့နယ်က ရာသီပတ်လုံး စိုက်ပျိုးချင်ကြတယ်။ အခုလို နွေစပါးပါ စိုက်ပျိုးနိုင်အောင် ချောင်းရေပိတ်ပြီး ဆောင်ရွက်ပေးမယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့။ တောင်သူအတွက် နွေရာသီစိုက်ဖို့ပါ ရေရရှိမယ်ဆိုတော့ စိတ်ဝင်စားမှုရှိကြတယ်"ဟု ညောင်လေးပင်မြို့မှ တောင်သူ ဦးမောင်ရွှေဆန်းက ပြောသည်။

ညောင်လေးပင် မြို့နယ်အတွင်း သီးထပ်စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်တက်လာစေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းနှစ်ခုကို ဆောင်ရွက်ခြင်းဖြင့် နွေစပါးစိုက်ဧရိယာဧက ၇၅၀၀ ခန့်ကို အကျိုးရှိစေမည်ဖြစ်ပြီး အဆိုပါဧရိယာများအတွင်းရှိ တောင်သူများအနေဖြင့် မိုးစပါး-ပဲ- နွေစပါးသီးနှံပုံစံဖြင့် သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့ ۞

**"မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံအတွက် စိုက်ပျိုးရေးကို အခြေခံ၍ ကုန်ထုတ်စွမ်းအားမြင့်မားအောင်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများ၏ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေး ကြိုးဆောင်ကြိုးပမ်းရာတွင် ပေါများလှသည့် မြစ်ရေ၊ ချောင်းရေ ရေချိုအရင်းအမြစ်များကို တိုးတက်အသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူစီးပွား ပွားများအောင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖော်ဆောင်သွားမည်"**

# (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**လွိုင်ကော် နိုဝင်ဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံတို့၌ ပြုလုပ်ခဲ့သည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လွိုင်ကော်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးစစ်ခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးလက်ခံရယူခြင်းနှင့် စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ဝန်ထမ်းများထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်ဆေးရုံသို့ သွားရောက်၍ လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ဝန်ထမ်းများထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများနှင့် အခြားအဆင့်ဝန်ထမ်း စုစုပေါင်း ၆၅ ဦးတို့က သက်ဆိုင်ရာဆေးရုံများတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**



# ကိုရီးယားအနုပညာရှင်များ ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာ - ကိုရီးယား ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲ (Myanmar-Korea Musical Show)ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Friday Night Live Show ၌ ပါဝင်တင်ဆက်ခဲ့ကြသည့် ကိုရီးယား အနုပညာရှင်များသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့တွင် ကိုရီးယားနိုင်ငံ K -Pop အဖွဲ့မှ အမျိုးသားအနုပညာရှင် Moon Geontak ၊ Haro ၊ အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် Nam Young Joo၊ အမျိုးသမီး အနုပညာရှင် Henny ၊ Jeong deul Le Rejen နှင့် ကြီးကြပ်သူမန်နေဂျာများ၊ အထောက်အကူပြုအဖွဲ့များ ပြန်လည်လိုက်ပါသွားကြသည်။

အဆိုပါ ကိုရီးယား အနုပညာရှင်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြား၏ Friday Night Live Show တွင် နိုင်ငံတကာ၌ ကျော်ကြားလျက်ရှိသည့် K-Pop အဆို၊ အကများ၊ ကိုရီးယား ကျေးလက်တေးဂီတ Trot ၊ Ballade နှင့် ဂန္ထဝင်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး နိုဝင်ဘာ ၄ ရက်ကလည်း ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ အင်းလျားကန်၊ ဗိုလ်ချုပ်ဈေး၊ Junction City Shopping Mall တို့အပြင် ကိုရီးယား - မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တည်ဆောက်နေသည့် ရန်ကုန်-ဒလ မြစ်ကူးတံတားကိုလည်း ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် စီးနင်းလိုက်ပါ၍ ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကိုရီးယား အနုပညာရှင်များ နိုဝင်ဘာ ၄ ရက်က ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် ကြည့်ရှုလေ့လာကြစဉ်။

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု စာပဒေသာ တတိယဆု ရရှိသည့် စာရေးဆရာ နွေကံ့ကော် (မြို့လှ) ၏ "အတွေ့အကြုံ အဖုံဖုံ ပြည်ပပညာတော်သင် မှတ်တမ်းစုံ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ပညာသင်ကြားခဲ့ရသည့် စာရေးသူ၏ပညာတော်သင် အတွေ့အကြုံများကို "ရုရှားသို့ ထွက်ခွာခြင်းနှင့် ပထမနှစ်ကျောင်းသားဘဝ အတွေ့အကြုံများ၊ ဒုတိယနှစ် ကျောင်းသားဘဝ အတွေ့အကြုံများ၊ တတိယနှစ် ကျောင်းသားဘဝ အတွေ့အကြုံများ၊ မှတ်သားမိသမျှ ရုရှားအကြောင်း၊ အလှည့်ကျလို့ ပြန်ရပြီနှင့် ယူခဲ့ချန်ခဲ့သော အရာများ၊ ရုရှားဗျည်း ၃၃ လုံးနှင့် ၎င်းတို့၏ အသံထွက်များ၊ မှတ်တမ်းဓာတ်ပုံများ"ကို အခန်း (၅) ခန်းဖြင့် စုစည်းတင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁ ၊ ၈၆ လမ်း- ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာနဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၀ မှ

ထိုကဲ့သို့ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးဧက တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဘေးတိုက်တိုးချဲ့ရေး အပြင် ဒေါင်လိုက်တိုးချဲ့နိုင်ရေးအတွက် တစ်သီးစိုက်သည့် ဧရိယာများတွင် နှစ်သီးစိုက်ပျိုးနိုင်ရေး၊ နှစ်သီးစိုက်သည့် ဧရိယာများတွင် သုံးသီးတိုးတက်စိုက်ပျိုးနိုင်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးခရိုင် ကဝမြို့နယ် မုဒုကျေးရွာအုပ်စုအတွင်း မုဒုရိုးတူးဖော်ခြင်း လုပ်ငန်းစီမံကိန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် မုဒုရိုး ခုနစ်မိုင် တူးဖော်ခြင်းနှင့် ချောင်းပိတ်လုပ်ငန်း စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက နွေစပါးသီးနှံကို ပဲခူး-စစ်တောင်းတူးမြောင်းရေအား မုဒုရိုးအတွင်းသွင်းယူ၍ နွေစပါးဧက ၁၁၄၀ ကို တတိယသီးနှံအဖြစ် စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှု သိသာစွာနည်းပါးပြီး စိုက်ပျိုးနိုင်မည့် ဧရိယာများ လျော့နည်းသွားခြင်းကို ကုစားနိုင်ရန် အတွက် ရေအရင်းအမြစ်များအား နည်းလမ်းပေါင်းစုံဖြင့် ထိန်းသိမ်းနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြေပြင်တွင် ဖြစ်နိုင်သည့် ရေအရင်းအမြစ် အခြေအနေများကို ကွင်းဆင်းကြည့်ရှုမှု များစွာပြုလုပ်ခဲ့ရာ ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာရှိ လယ်သမားတာပေါ်တွင် ရေသွင်းရေထုတ် ရေတံခါးတည်ဆောက်ပေးပါက ရေကိုလိုအပ်သလို ထိန်းသိမ်းနိုင်ပြီး ဒေသခံတောင်သူများသည် နွေစပါးနှစ်သီး တိုးချဲ့စိုက်ပျိုးနိုင်မည်ကို တွေ့ရှိရသည်။

**နွေစပါးသီးထပ်စိုက်ဧက ၂၀၀၀ ကျော်**

သို့အတွက် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ကျိုက်ပဒိုင်ကျေးရွာ လယ်သမားတာတွင် ၆ ပေ x ၁၂ ပေ ရေတံခါး နှစ်ပေါက် တည်ဆောက်ပေးသွားမည်ဖြစ်သည်။ ထိုသို့ တည်ဆောက်ပြီးပါက မိုးရာသီမြစ်ရေကြီးမှုကို ရေတံခါးပိတ်၍ ကာကွယ်နိုင်ပြီး မိုးအကုန်တွင် ကွင်းရေများ လွယ်ကူစွာ ထုတ်နိုင်ရေးအတွက် ရေတံခါးဖွင့်၍ လျင်မြန်စွာ လျှော့ချနိုင်မည်ဖြစ်သဖြင့် နွေစပါး သီးထပ်စိုက်ဧက ၂၀၀၀ ကျော်ကို နှစ်ခါစိုက်ပျိုးနိုင်ကာ တိုင်းဒေသကြီးအနောက်ဘက်ခြမ်းရှိ လျော့နည်းသွားမည့် နွေစပါးစိုက်ဧရိယာများကို အထိုက်အလျောက် အစားထိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရေချိုအလေအလွင့် မရှိစေရေးအတွက် မြေသားယာယီချောင်းပိတ်/မြောင်းပိတ် လုပ်ငန်း ၂၅ ခု၊ အကျိုးပြုဧက ၇၉၉၅ ဧကအပြင် အယ်လ်နီညိုရာသီဥတုအတွက် မိုးရေကြိုတင်သိုလှောင်မည့် အစီအမံအဖြစ် ယာယီချောင်းပိတ် ၃၁ ခု၊ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံများအတွက် စုစုပေါင်းအကျိုးပြုဧက ၁၈၈၇၀ တို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ ကုန်ထုတ်စွမ်းအားမြင့်မားအောင်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများ၏ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေး ကြံဆောင်ကြိုးပမ်းရာတွင် ပေါများလှသည့် မြစ်ရေ၊ ချောင်းရေ ရေချိုအရင်းအမြစ်များကို တိုးတက်အသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူစီးပွား ပွားများအောင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပြည်တွင်းဈေးကွက်သာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်နေသည့် စစ်ကိုင်းမြို့နယ်မှ “စိန်ကြည်”ဂျုံခေါက်ဆွဲလုပ်ငန်း

**တွေ့ဆုံမေးမြန်း- အောင်အောင်ထွေး၊ ဓာတ်ပုံ- ဇော်မြင့်နိုင်(ပြန်/ဆက်)**

စစ်ကိုင်းခရိုင်အတွင်း၌ ၂၀၂၃ ခုနှစ်အထိ မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ၃၅၀ ခန့်ရှိကြောင်း ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ယင်းလုပ်ငန်းများအနက် စိန်ကြည်ဂျုံခေါက်ဆွဲလုပ်ငန်းဆောင်ရွက်မှုများကို ရေးသားတင်ပြလိုက်ရပါသည်-

မေး။ ။ မင်္ဂလာပါဗျ၊ စိန်ကြည်ဂျုံခေါက်ဆွဲလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပုံအကြောင်း ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ စိန်ကြည်ဂျုံခေါက်ဆွဲစက်ရုံကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက် (ယခုနေရာ) မှာ ၁၉၉၁ ခုနှစ်က စတင်လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ မိဘတွေလက်ထက်ကတည်းက လုပ်ကိုင်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ စတင်လုပ်ကိုင်ချိန်က စစ်ကိုင်းမြို့မှာ ခေါက်ဆွဲစက်လုပ်ငန်းလုပ်ကိုင်သူနည်းပါးတော့ လုပ်ငန်းအောင်မြင်ခဲ့ပါတယ်။ အခုအထိလည်း အောင်မြင်လျက်ပါ။

မေး။ ။ ဂျုံခေါက်ဆွဲပြုလုပ်ဖို့ ကုန်ကြမ်းတွေအနေနဲ့ ဘာတွေလိုအပ်ပါသလဲ၊ အဲဒီကုန်ကြမ်းတွေကို ဘယ်ကရရှိပါသလဲဗျ။

ဖြေ။ ။ ဂျုံခေါက်ဆွဲနဲ့ပတ်သက်ပြီး အဓိကကုန်ကြမ်းကတော့ ဂျုံဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒိုးပျံအမှတ်တံဆိပ်ဂျုံကို အသုံးပြုပြီး မန္တလေးမြို့ကနေ ဝယ်ယူရရှိတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မုန့်ဖုတ်ဆိုဒါ (Baking Soda)၊ အိုင်အိုဒင်းဆားတို့ဖြစ်ပါတယ်။ ဒီပစ္စည်းတွေကိုလည်း FDA ခွင့်ပြုချက်ရရှိထားတဲ့ ဆားနဲ့ ဆိုဒါ (Soda) တွေကိုသာ အသုံးပြုတာဖြစ်ပါတယ်။

မေး။ ။ အရောင်အတွက် ဆိုးဆေးတွေသုံးတာရှိပါသလားဗျ။

ဖြေ။ ။ အချို့ဈေးကွက်တွေမှာ စားသုံးသူတွေက ခေါက်ဆွဲအဝါကို ကြိုက်ကြတာဖြစ်တဲ့အတွက် FDA ခွင့်ပြုထားတဲ့ ဆိုးဆေးအဝါကို အသုံးပြုထုတ်လုပ်ပါတယ်။ ဓာတုဆိုးဆေး လုံးဝအသုံးမပြုပါဘူး။

မေး။ ။ စက်ရုံအနေနဲ့ ခေါက်ဆွဲဘယ်နှမျိုးလောက် ထုတ်လုပ်ပါသလဲဗျ။

ဖြေ။ ။ ဈေးကွက်မှာ စားသုံးသူတွေ တောင်းဆိုချက်အရ ငါးမျိုးကို ဦးစားပေးထုတ်လုပ်ရောင်းချနေပါတယ်။ ကြက်ဥဂျုံခေါက်ဆွဲ၊ နန်းလုံးခေါက်ဆွဲ၊ နန်းပြားခေါက်ဆွဲ၊ အစိမ်းနေလှန်းခြောက်၊ ပေါင်းဂျုံခေါက်ဆွဲဆိုပြီး ထုတ်လုပ်ပါတယ်။

မေး။ ။ လက်ရှိမှာ ကုန်ကြမ်းဖြစ်တဲ့ ဂျုံကို တစ်ရက် ဘယ်လောက်သုံးစွဲရပြီး ကုန်ချောအဖြစ် ဘယ်လောက်ထွက်ရှိသလဲဗျ။

ဖြေ။ ။ တစ်ရက်ကို ပိဿာ ၃၀ ဒသမ ၅ ပါ ဂျုံအိတ် ၈၀ လောက် ဝယ်ယူအသုံးပြုရပါတယ်။ ကုန်ချောအဖြစ် ကုန်ချိန်ပိဿာ ၂၄၀၀ ခန့် ထွက်ရှိပါတယ်။ စားသောက်ကုန်ထုတ်လုပ်တာဖြစ်တဲ့အတွက် ဂျုံမွှေကန်ကအစ ခေါက်ဆွဲတင်စင်အထိ စတီး (Steel) ပစ္စည်းတွေကိုသာ အသုံးပြုဆောင်ရွက်တာဖြစ်တဲ့အတွက် သန့်ရှင်းသပ်ရပ်မှု အပြည့်ရှိပါတယ်။




မေး။ ။ ထွက်ရှိလာတဲ့ ခေါက်ဆွဲတွေကို အခြောက်လှန်းတယ်ဆိုတော့ အဆင့်ဆင့် ဘယ်လိုဆောင်ရွက်ရပါသလဲဗျ။

ဖြေ။ ။ ဂျုံခေါက်ဆွဲတွေကို အစိမ်းနေလှန်းခြောက်နဲ့ ပေါင်းခေါက်ဆွဲဆိုပြီး နှစ်မျိုးဆောင်ရွက်ရပါတယ်။ အစိမ်းနေလှန်းခြောက်ဆိုတာက စက်ကထွက်လာတဲ့ ခေါက်ဆွဲအစိုတွေကို နေရောင်မှာ တိုက်ရိုက်အခြောက်ခံပြီး ထုတ်လုပ်တာဖြစ်ပါတယ်။ ပေါင်းခေါက်ဆွဲမှာဆိုရင် ထွက်လာတဲ့ ခေါက်ဆွဲအစိုတွေကို ရေနွေးငွေ့နဲ့ပေါင်းပြီး ထွက်ရှိလာတဲ့ခေါက်ဆွဲတွေကို ပုံစံခွက်မှာထည့်ပြီး နေလှန်းကွင်းမှာ သွားရောက်အခြောက်ခံရတာဖြစ်ပါတယ်။ အခြောက်ခံရာမှာတော့ ရာသီဥတုကောင်းမွန်ရင် နံနက် ၉ နာရီမှာ စလှန်းရင် မွန်းလွဲ ၁ နာရီဆို ခေါက်ဆွဲတွေခြောက်ပြီဖြစ်လို့ ပြန်လည်သိမ်းဆည်းပြီး ခြင်တွယ်တာ၊ ပါကင်ထုပ်တွေ အဆင့်ဆင့်ဆောင်ရွက်ရတာဖြစ်ပါတယ်။



မေး။ ။ ဖြန့်ဖြူးရောင်းချနေမှုအပိုင်းလေး သိပါရစေဗျ။

ဖြေ။ ။ ရန်ကုန်မှာ ကိုယ်စားလှယ်တစ်ဦးထားပြီး အောက်မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပါတယ်။ မြန်မာပြည်အထက်ပိုင်း၊ အလယ်ပိုင်းနဲ့ နေပြည်တော်ကိုပါ တစ်နိုင်ငံလုံးအနှံ့ ဖြန့်ဖြူးရောင်းချပါတယ်။ ဒါ့ထက်မက ပြည်ပကိုလည်း ထိုးဖောက်တင်ပို့ရောင်းချနိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။

မေး။ ။ ဂျုံခေါက်ဆွဲခြောက်တွေကို ရေရှည်ထိန်းသိမ်းထားနိုင်သလား၊ ဘယ်လောက်ကြာကြာထားလို့ရသလဲ၊ ဘယ်လိုပုံစံထိန်းသိမ်းထားနိုင်သလဲသိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ဂျုံခေါက်ဆွဲခြောက်တွေရဲ့ ပါကင်အထုပ်တိုင်းမှာ တစ်နှစ်အာမခံထားပေးပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ထုပ်ပိုးထားတဲ့အိတ်တွေ မပေါက်ပြဲဘူး၊ အေးပြီးခြောက်သွေ့တဲ့နေရာမှာထားမယ်ဆိုရင် တစ်နှစ်ကျော်တောင် စားသုံးလို့ရပါတယ်။

မေး။ ။ ခေါက်ဆွဲထုတ်လုပ်မှု နှစ်မျိုးဖြစ်တဲ့ အစိမ်းနေလှန်းခြောက်နဲ့ ပေါင်းခံခေါက်ဆွဲနှစ်မျိုးထဲက ဈေးကွက်မှာ ဘယ်လိုအမျိုးအစားကို ပိုကြိုက်နှစ်သက်ကြသလဲ သိပါရစေ။

ဖြေ။ ။ မြန်မာပြည်အထက်ပိုင်းက စားသုံးသူတွေကတော့ အစိမ်းနေလှန်းခြောက်ကို ပိုပြီးကြိုက်နှစ်သက်ကြပါတယ်။ မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသတွေနဲ့ ရန်ကုန်မြို့မှာတော့ ပေါင်းခေါက်ဆွဲကို ပိုကြိုက်နှစ်သက်ကြပါတယ်။ စားသုံးသူတွေ အကြိုက်ပေါ်မူတည်ပြီး ထုတ်လုပ်ဖြန့်ဖြူးပေးရတာဖြစ်ပါတယ်။

မေး။ ။ စက်ရုံမှာ အလုပ်သမားဘယ်လောက်အသုံးပြုထားသလဲ။ လုပ်ခလစာပေးမှုအခြေအနေသိပါရစေ။

ဖြေ။ ။ စက်ရုံမှာ အလုပ်သမား ၁၀၀ ကျော်ခန့်ထားပါတယ်။ အခြားနယ်တွေကမခေါ်ဘဲ ကိုယ့်ဒေသကလူတွေ၊ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေဖို့နဲ့ သူတို့ရဲ့မိသားစုစားဝတ်နေရေး အဆင်ပြေစေဖို့အတွက် ဒေသခံတွေကိုသာ ခန့်ထားပေးတာဖြစ်ပါတယ်။ လုပ်ခလစာအနေနဲ့ကတော့ အနိမ့်ဆုံးလစာ ငွေကျပ်တစ်သိန်းခွဲနဲ့ တတ်ကျွမ်းတဲ့ပညာနဲ့ အသုံးတည့်မှုပေါ် မူတည်ပြီး ငွေကျပ်လေးသိန်းခွဲအထိ လစာပေးခန့်ထားတာတွေရှိပါတယ်။

မေး။ ။ နိုင်ငံတော်အစိုးရက MSME လုပ်ငန်းတွေကို အလေးထားဆောင်ရွက်ပေးနေတာ၊ ချေးငွေတွေ ထောက်ပံ့ပေးနေတာတွေအပေါ် သဘောထားအမြင်လေးပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့ စစ်ကိုင်းမြို့နယ်အတွင်းမှာ MSME လုပ်ငန်းတွေ အများကြီးရှိနေသလို လုပ်ငန်းအားလုံး MSME အသင်းဝင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါမှလည်း နိုင်ငံတော်ကထောက်ပံ့တဲ့ ချေးငွေတွေ ရရှိကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ငန်းအနေနဲ့လည်း MSME လုပ်ငန်းစုချေးငွေတွေ အပြည့်အဝရရှိလို့ လုပ်ငန်းတိုးတက်ဖို့လည်း များစွာအထောက်အပံ့ရရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှုတွေရယူပြီး နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ တောင့်တင်းခိုင်မာလာအောင် ထုတ်လုပ်မှုစွမ်းအား၊ နည်းပညာစွမ်းအားတွေကို ကြိုးစားမြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းသာမက ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ပါ၍ စစ်ကိုင်းခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျဆောင်ရွက်နေသည့်လုပ်ငန်းများအနက်မှ စားသောက်ကုန်လုပ်ငန်းဖြင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နေသည့် စစ်ကိုင်းမြို့နယ်မှ စိန်ကြည်ဂျုံခေါက်ဆွဲလုပ်ငန်းအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# တူကီယေနိုင်ငံက လျှပ်စစ်ကားဈေးကွက်ကြီးထွားလာစေရန် ရည်ရွယ်လျက်ရှိ




**အစ္စတန်ဘူလ် နိုဝင်ဘာ ၅**

တူကီယေနိုင်ငံသည် ပြီးခဲ့သည့်နှစ်က နိုင်ငံ၏ပြည်တွင်း၌ ပထမဆုံးထုတ်လုပ်သော လျှပ်စစ်ကား TOGG ကို မိတ်ဆက်ပြီးနောက် လျှပ်စစ်ကား(EV) ဈေးကွက်ကို လျင်မြန်စွာ ကြီးထွားလာစေရန် လုပ်ဆောင်လျက်ရှိကြောင်း နိုဝင်ဘာ ၄ ရက်တွင် တူကီယေသမ္မတ အာဒိုဂန်က ပြောကြားသည်။

တူကီယေနိုင်ငံ အနောက်မြောက်ပိုင်းကိုကာအီလီပြည်နယ်ရှိ ကားစက်ရုံဖွင့်ပွဲအခမ်းအနားတွင် လက်ရှိ လျှပ်စစ်ကားကုမ္ပဏီများကြား ပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိပြီး ဈေးကွက်အတွင်းသို့ အမျိုးအစားအသစ်များ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း အာဒိုဂန်က အကြံပြုခဲ့သည်။

မိမိတို့၏ ရည်မှန်းချက်မှာ တူကီယေနိုင်ငံအား လျှပ်စစ်ကားနှင့် ဘက်ထရီထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံများထဲတွင် တစ်နိုင်ငံဖြစ်လာစေရန် ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တူကီယေနိုင်ငံ၌ လျှပ်စစ်ကားများအား စိတ်ဝင်စားမှု တိုးလာလျက်ရှိပြီး တူကီယေနိုင်ငံအနေဖြင့် လျှပ်စစ်ကားဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်မှုသည် အထူးအရေးပါလာကြောင်းလည်း တူကီယေနိုင်ငံ သမ္မတ အာဒိုဂန်က ပြောကြားသည်။

စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် မော်တော်ကားဖြန့်ဖြူးသူများနှင့် ရွှေ့လျားသွားလာရေးအဖွဲ့၏ အချက်အလက်များအရ တူကီယေနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ လျှပ်စစ်ကား အစီးရေ ၂၂၉၀၀ ခန့် ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**



# တရုတ်နိုင်ငံ ဝူဟန်မြို့မှ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ တိုက်ရိုက်လေကြောင်းခရီးစဉ် ပြန်လည်စတင်

**ပေကျင်း နိုဝင်ဘာ ၅**

တရုတ်နိုင်ငံ ဝူဟန်မြို့နှင့် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တို့ ဆက်သွယ်ထားသော တိုက်ရိုက်လေကြောင်းခရီးစဉ်ကို နိုဝင်ဘာ ၄ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း လေကြောင်းလိုင်း၏ အော်ပရေတာဖြစ်သည့် China Southern Airlines က ပြောကြားသည်။

ခရီးသည် ၂၈၃ ဦး တင်ဆောင်လာသည့် ဘိုးရင်း ၇၇၇ လေယာဉ်သည် နိုဝင်ဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဝူဟန် Tianhe အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆန်ဖရန်စစ္စကိုမြို့သို့ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။ ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အမေရိကန်ပြည်ထောင်စုအကြား ပထမဆုံး တိုက်ရိုက်ခရီးစဉ်ပျံသန်းမှု ပြန်လည်စတင်ခြင်း အထိမ်းအမှတ်ဖြစ်သည်။

လေကြောင်းလိုင်း CZ659 သည် စနေနေ့တိုင်း ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဝူဟန်မြို့မှ ထွက်ခွာမည်ဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ဆန်ဖရန်စစ္စကိုမြို့သို့ ရောက်ရှိမည်ဖြစ်သည်။ လေကြောင်းလိုင်း CZ660 သည် ဆန်ဖရန်စစ္စကိုမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ဝူဟန်မြို့သို့ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရန် ဘလင်ကန်နှင့်တွေ့ဆုံစဉ် ဂျော်ဒန်ဘုရင် တိုက်တွန်း

**အန်မန် နိုဝင်ဘာ ၅**

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ(၂)သည် ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များရရှိရန် နိုဝင်ဘာ ၄ ရက်တွင် တောင်းဆိုခဲ့ပြီး ပါလက်စတိုင်းနယ်မြေသို့ အကူအညီများ ရေရှည်တည်တံ့စွာ ပေးပို့နိုင်စေရေး အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့မှုနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

စစ်မက်ဖြစ်ပွားရာနယ်မြေများသို့ စားနပ်ရိက္ခာ၊ ရေ၊ ဆေးဝါးနှင့် လောင်စာဆီများ အနှောင့်အယှက်မရှိ ပေးပို့ရန်နှင့် နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်လုပ်ဆောင်ရန် ဂျော်ဒန်ဘုရင်က ဂျော်ဒန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်နှင့် တွေ့ဆုံစဉ်တွင် တိုက်တွန်းခဲ့သည်။

ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခ အဆုံးသတ်ရေး တစ်ခုတည်းသောနည်းလမ်းမှာ နှစ်နိုင်ငံအဖြေရှာမှုအပေါ် အခြေခံ၍ ငြိမ်းချမ်းရေးရရှိရန် ဦးတည်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

၁၉၆၇ ခုနှစ် ဇွန် ၄ ရက်တွင် အရှေ့ဂျေရုဆလင်ကို အချုပ်အခြာအာဏာနှင့် လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ၏မြို့တော်အဖြစ် ထူထောင်ရန် ပါလက်စတိုင်းပြည်သူများအား ၎င်းတို့၏တရားဝင်အခွင့်အရေးများရရှိရေးအတွက် ဂျော်ဒန်နိုင်ငံအနေဖြင့် ထောက်ခံခဲ့ကြောင်းလည်း ထပ်မံအတည်ပြုပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်အတွင်း လေထုညစ်ညမ်းမှုကြောင့် အခြေခံပညာကျောင်းအားလုံး နိုဝင်ဘာ ၁၀ ရက်အထိ ပိတ်ထားမည်

**နယူးဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်အတွင်း လေထုညစ်ညမ်းမှု မြင့်တက်လာခြင်းကြောင့် မြို့တော်အတွင်းရှိ အခြေခံပညာကျောင်းအားလုံးကို နိုဝင်ဘာ ၁၀ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း ဒေလီပညာရေးဝန်ကြီး အာတီရှီမာလီနာက ယနေ့ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

စာသင်ကျောင်းများ ပိတ်ထားစဉ်၆ တန်းမှ၁၂တန်းကျောင်းသားကျောင်းသူများကို အွန်လိုင်းမှ တစ်ဆင့် သင်ခန်းစာများ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ဝန်ကြီး အာတီရှီမာလီနာက ပြောသည်။

ဒေလီရှိ လေထုအရည်အသွေးအညွှန်းကိန်းသည် နိုဝင်ဘာ ၅ ရက်တွင် ၄၈၂ အထိ မှတ်တမ်းတင်ခဲ့ပြီး ယင်းအဆင့်သည် "ပြင်းထန်သော" လေထုအရည်အသွေးအမျိုးအစားတွင်ရှိကြောင်း လေထုအရည်အသွေးနှင့် မိုးလေဝသ ခန့်မှန်းချက်ဆိုင်ရာ သုတေသနစစ်တမ်းအရ သိရသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဒေလီနှင့် ၎င်း၏အနီးတစ်ဝိုက်ဒေသများတွင် မီးခိုးမြူများ ဖုံးလွှမ်းနေပြီး လူအများအပြားသည် မျက်လုံးများတွင် ယားယံခြင်း၊ လည်ချောင်းနာခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ခံစားခဲ့ကြရသည်။ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းရာသီအတွင်း ဒေလီတွင် လေထုညစ်ညမ်းမှုသည် ပုံမှန်အားဖြင့် မြင့်တက်လေ့ရှိသည်။

ယင်းသို့ လေထုညစ်ညမ်းမှုများဖြစ်ပွားရခြင်းမှာ ပန်ဂျပ်ပြည်နယ်နှင့် ဟာယားနားပြည်နယ်တို့၌ လယ်သမားများ၏ အမှိုက်မီးရှို့ခြင်းကြောင့် ဖြစ်သည်ဟု ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

ထို့ပြင် ဆောက်လုပ်ရေးနှင့် အဆောက်အအုံဖြိုချခြင်းလုပ်ငန်းများအပြင် မော်တော်ယာဉ်များမှ ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့်လည်း ပါဝင်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေး အမေရိကန်ပြည်သူများ ဆန္ဒထုတ်ဖော်

**ဝါရှင်တန် နိုဝင်ဘာ ၅**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးမှုမြင့်တက်လာချိန်တွင် ထောင်နှင့်ချီသောပြည်သူများက အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်မြို့တော် ဝါရှင်တန်၌ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူများက "လူမျိုးတုံးသတ်ဖြတ်မှုရပ်တန့်ပါ" ဟူသော လက်ကိုင်စာတန်းများကိုင်ဆောင်ကာ အိမ်ဖြူတော်အနီးရှိ လွတ်လပ်ရေးပလာဇာ၌ စုဝေးကာ ဆန္ဒထုတ်ဖော်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်နေသည့် အစ္စရေးနိုင်ငံကို စစ်ရေးအရ ပံ့ပိုးပေးသော သမ္မတဂျိုးဘိုင်ဒင် အစိုးရကို ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်သူများက ဆိုသည်။

အပြစ်မဲ့ကလေးငယ်များကို သတ်ပစ်ရန် ပြည်သူများ၏အခွန်ငွေကို အသုံးမပြုစေလိုကြောင်းလည်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ပြောသည်။ အစ္စရေးနှင့် ပါလက်စတိုင်းအရေးကို အခြေအနေပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ချက်များကို သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် ချမှတ်ဆောင်ရွက်သင့်ကြောင်း အခြားဆန္ဒထုတ်ဖော်သူတစ်ဦးက ဆိုသည်။

လက်ရှိတွင် အမေရိကန်အစိုးရသည် အပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်ခြင်းမရှိဘဲ လူသားချင်းစာနာထောက်ထားမှုအတွက် စစ်ဆင်ရေးခဏရပ်တန့်ရန် တောင်းဆိုလျက်ရှိသည်။ ဂါဇာကမ်းမြောင်ဒေသတွင် အရပ်သားများ သေဆုံးဒဏ်ရာရမှုများ မြင့်တက်လာသည်နှင့်အမျှ အမေရိကန်အစိုးရ၏ အစ္စရေးအား စစ်ရေးအရ ထောက်ပံ့မှုအပေါ် ဝေဖန်မှုများ မြင့်တက်လာသည်။

လာမည့်ဆောင်းဦးရာသီရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရန် ကြိုးပမ်းနေသည့် ဂျိုးဘိုင်ဒင်ကို လက်ရှိဆောင်ရွက်ချက်များက ပံ့ပိုးပေးနိုင်မည်မဟုတ်ပေ။ အလားတူ နိုဝင်ဘာ ၄ ရက်တွင် ကနေဒါနိုင်ငံရှိမြို့ပေါင်း ၂၀ ဝန်းကျင်တွင် အစ္စရေး-ပါလက်စတိုင်းအရေးနှင့် ပတ်သက်ပြီး ဆန္ဒပြမှုများ ပြုလုပ်ခဲ့သည်။ ဥရောပတစ်ဝန်းရှိ မြို့ကြီးများတွင်လည်း ဆန္ဒပြသူများ စုဝေးခဲ့ကြသည်။




ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပြည်သူ ၁၉၀၀၀ ခန့်သည် အပစ်အခတ်ရပ်စဲရေးအတွက် ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ အပစ်အခတ်ရပ်စဲရေး တောင်းဆိုသည့် ပြည်သူများက ပါလက်စတိုင်းအလံများကို ဝှေ့ယမ်းပြီး လမ်းမများပေါ်တွင် စုဝေးခဲ့ကြသည်။ ဗြိတိန်နိုင်ငံ၌ လန်ဒန်မြို့တော်အပါအဝင် နေရာ ၆၀ ခန့်တွင် အလားတူ ဆန္ဒပြမှုများ ပြုလုပ်ခဲ့သည်။ လန်ဒန်မြို့တော်၌ ပြည်သူ ၅၀၀၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ နိုင်ငံခြားငွေ၊ ရွှေတုံးများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြိတ်မြို့ ထားဝယ်စုရပ်ကွက် ရွှေနန်းတော် မုန့်တိုက်အရှေ့ နဝရတ်လမ်းသွယ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် 888 Playing Cards ဖဲချပ် ၄၆၀၈ ထုပ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၂၈၉၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် Wellman အားဆေးဘူး ၁၀၀၈၀ (ခန့်မှန်းတန်ဖိုးငွေ ၂၈၉၁၅၉၇၃၄ ကျပ်) ကို လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် iPhone 15 ProMax ၂၅၉ လုံး၊ အမေရိကန်ဒေါ်လာ ၁၀၀ တန်ဟု ယူဆရသော နိုင်ငံခြားငွေ ၁၂၀၀၀ ဒေါ်လာနှင့် Gold 999.9 1 Kilo စာတန်းပါ ရွှေဟုယူဆရသော အတုံး ၁၆ တုံး (၁၆)ကီလိုဂရမ် (ခန့် မှန်း တန်ဖိုးငွေကျပ် ၃၉၄၆၅၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၂၃၅ ၆၅၉၇၃၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဖမ်းဆီးရမိမှု။

ထို့ပြင် နိုဝင်ဘာ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် သပြေကန်ရွာအနီး၌ ကျိုက်ထိုမြို့မှ ဒိုက်ဦးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Prawn Hornet စားအုန်းဆီ လီတာ ၅၄၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဘုရားကြီးမြို့ ကသစ်ဝိုင် ဓမ္မရိပ်သာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် MAXTIRES ကားတာယာ ၁၈ လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၃၆၅၉၄၉၃၃၄ ကျပ်) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၁) ကွက်သစ်လမ်းတွင် လီဂေ(ခ)အားဂေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလု(အပေါ်) ကျေးရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



လီဂေ(ခ)အားဂေ အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၁-၂၀၂၃ တနင်္လာနေ့

### MRTV HD

၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက်အကြောင်း သိမှတ်ဖွယ်ရာ
၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၁၅)
၁၀:၅၀ Economic Review
၁၁:၃၀ ဘဝနှင့်အနုပညာ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၆)
၁၃:၃၀ MRTV National News
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွင်ပျံ့အမှုန်း' (အပိုင်း-၅၃)
၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၅ This Week's Special Interest
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၅)

### mitv

07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
07:07 Ecotourism: Tour to explore
07:21 Let's venture to a natural wonder
07:37 Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
07:53 Dances of Myanmar: Gaybar Kayin Traditional Dance
08:01 News
08:26 National Attractions Philippine (Anilao: Underneath the Waters)
08:33 Myanmar Traditional Instruments (MYANMA DRUM) (1)
09:01 A Tea Business Pankwan (Part-1)
09:12 Finding Ways for Coexistence between People and Elephants
09:27 Discovering Tribes- Maw Nay Bwa: their life and customs (Kayin New Year Day)

### MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀)
ရာမညမြေမှအလှတရားများ (အပိုင်း-၁)
ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
မိုဒါမုန်တိုင်းအလွန် စစ်တွေမြို့အတွင်း လယ်ယာစိုက်ပျိုးမှုအခြေအနေ
ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
ကွန်ဟိန်း-တောင်ကြီးကြားကရွမ်ပြီးတဲ့လမ်းခရီး
ဝ (၁၂:၀၀ မှ ၁၄:၀၀)
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၃)
ကချင် (၁၄:၀၀ မှ ၁၆:၀၀)
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
ကယား (၁၆:၀၀ မှ ၁၈:၀၀)
ကယားဒေသမှအင်ဥရှာထွက်မယ်
စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)
မုန့်ဖိုင်းတောင့်လုပ်စားရအောင်
အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
မသန်သော်လဲစွမ်းတဲ့သူ
အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
အံ့ဩဖွယ်ရာပဒုံဂူမြေမှာ
ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၂)
ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)
အလှပန်းစုံညီချင်းတောင်ဆီ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူပိုက်တို့သွားရာလမ်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ(အပိုင်း-၁၃)
၁၈:၀၀ Economic Review (အပိုင်း-၂၇)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၂၅ စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်ကကိုရုံတောင်ကျေးရွာဆီ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ ကိုးရောင်ခြယ်အနမ်း(ဇာတ်လမ်း)
၁၉:၃၀ First Ever Tour of My New Garden
၂၂:၀၀ Weymiller Family Farm Documentary Lowa
၂၃:၀၀ Livestock on the Land-Full-Length Film

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
၀၆:၄၅ Sports Diary
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ ဂေါက်သီးရိုက်အားကစား အခြေခံနည်းစနစ်များ

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# လာအိုနိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု

ခန့်ဇော် (ကျေးလက်)

လာအိုနိုင်ငံဟာ အရှေ့တောင်အာရှရဲ့ တစ်ခုတည်းသော ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်ရဲ့အလယ်မှာ တည်ရှိတဲ့အတွက် ပင်လယ်ဆိပ်ကမ်းမရှိတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ နိုင်ငံရဲ့ အကျယ်အဝန်းဟာ စတုရန်းကီလိုမီတာ ၂ ဒသမ ၃၆၈ သိန်းဖြစ်ပြီး ကုလသမဂ္ဂရဲ့ ကမ္ဘာ့လူဦးရေဆန်းစစ်ချက် နောက်ဆုံးအချက်အလက်တွေအရ ၂၀၂၃ ခုနှစ်စာရင်းအရ လူဦးရေ ၇ ဒသမ ၆ သန်းခန့် နေထိုင်ပါတယ်။ လာအိုလူမျိုးအပါအဝင် လူမျိုးပေါင်း ၅၀ ခန့်ရှိကြောင်း သိရပါတယ်။ ပြင်သစ်နိုင်ငံရဲ့ ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်မှာ စည်းမျဉ်းခံဘုရင်စနစ်အဖြစ် လွတ်လပ်ရေးရခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံများအနက် တစ်ခုတည်းသော ဆိုရှယ်လစ်နိုင်ငံဖြစ်ပြီး ကွန်မြူနစ်ဝါဒကို ထောက်ခံတဲ့နိုင်ငံဖြစ်ပါတယ်။ တရားဝင်နိုင်ငံရေးပါတီဟာ လာအိုပြည်သူ့တော်လှန်ရေးပါတီဖြစ်ပြီး တစ်ပါတီနိုင်ငံဖြစ်တာကြောင့် အထွေထွေအတွင်းရေးမှူး (ပါတီခေါင်းဆောင်)ဟာ နိုင်ငံနဲ့အစိုးရရဲ့ခေါင်းဆောင်၊ သမ္မတဖြစ်ပါတယ်။

### လာအိုနိုင်ငံ၏ စီးပွားရေး

လာအိုနိုင်ငံရဲ့စီးပွားရေးဟာ နိုင်ငံအတွင်းက ထွက်ရှိတဲ့ ကြေးနီ၊ ရွှေနဲ့ သစ်ကဲ့သို့သော သဘာဝသယံဇာတတွေ တင်ပို့မှုအပေါ်လည်း များစွာမှီခိုနေရပါတယ်။ ဒါ့အပြင် ၎င်းရဲ့အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတို့အပေါ်မှာလည်း မှီခိုနေပါတယ်။ ၂၀၁၆ ခုနှစ်မှာ တရုတ်နိုင်ငံက လာအိုစီးပွားရေးရဲ့ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး လာအိုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံရေးဝန်ကြီးဌာနရဲ့ ၁၉၈၉-၂၀၁၄ အစီရင်ခံစာအရ ၁၉၈၉ ခုနှစ်ကစပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၉၅ ဘီလီယံမျှ ရင်းနှီးမြှုပ်နှံခဲ့တယ်လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၈၉ ဘီလီယံ ရင်းနှီးမြှုပ်နှံသူ)နဲ့ ဗီယက်နမ်နိုင်ငံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀၈ ရင်းနှီးမြှုပ်နှံသူ) တို့ဟာ ဒုတိယနဲ့ တတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူတွေ ဖြစ်ကြပါတယ်။ နိုင်ငံတကာငွေကြေးအဖွဲ့၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်နဲ့ တခြားသော နိုင်ငံတကာအဖွဲ့အစည်းတွေဆီကနေ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီတွေရခဲ့ပြီး လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှု၊ ရေအားလျှပ်စစ်နဲ့ သတ္တုတွင်းလုပ်ငန်း (အထူးသဖြင့် ကြေးနီနဲ့ ရွှေ) တို့အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ရရှိခဲ့ပါတယ်။ နိုင်ငံရဲ့ လူသိများ အထင်ရှားဆုံး ထုတ်ကုန်ကတော့ ဘီယာလာအိုဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၂၀ ကျော်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။

ကျေးလက်လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ လယ်ယာလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအနေနဲ့ လုပ်ကိုင်ကြပါတယ်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးဟာ ဂျီဒီပီရဲ့ တစ်ဝက်မျှရှိနေသေးပြီး အလုပ်အကိုင်အခွင့်အလမ်း ၈၀ ရာခိုင်နှုန်းကို ဖန်တီးပေးထားပါတယ်။ နိုင်ငံရဲ့မြေ လေးရာခိုင်နှုန်းမျှသာ စိုက်ပျိုးနိုင်တဲ့မြေဖြစ်ပြီး သုည ဒသမ ၃ ရာခိုင်နှုန်းကသာ အမြဲတမ်းစိုက်ပျိုးနိုင်တဲ့မြေဖြစ်တာကြောင့် မဟာမဲခေါင်ဒေသခွဲမှာ ရာခိုင်နှုန်းအားဖြင့် အနည်းဆုံးဖြစ်ပေမယ့် ခန့်မှန်းခြေအားဖြင့် ၇၇ ရာခိုင်နှုန်းမျှသော လာအိုလယ်သမားမိသားစုတွေဟာ ဝမ်းစာဖူလုံတဲ့စပါးရှိကြပါတယ်။ လာအိုနိုင်ငံဟာ မဟာမဲခေါင်ဒေသခွဲမှာ ဆန်စပါးအမျိုးအစားအများဆုံးရှိတဲ့နိုင်ငံဖြစ်ပါတယ်။

### လာအိုနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)

၂၀၂၂ ခုနှစ် ကမ္ဘာ့ဘဏ်စာရင်းအရ GDP အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၂ ဘီလီယံ၊ တစ်ဦးချင်း GDP ဟာ အမေရိကန်ဒေါ်လာ ၂၆၀၀ ခန့် ရှိပါတယ်။ လာအိုနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ဟာ ၂၀၂၃ ခုနှစ် မတ်လစာရင်းအရ အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၈၇ သန်းခန့်ရှိပြီး ပြီးခဲ့တဲ့ သုံးလပတ်ကာလမှာ အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၆၅၄ သန်းခန့် တိုးတက်လာကြောင်း သိရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပညာရေးဖွံ့ဖြိုးမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ စွမ်းအင်ရရှိမှုတို့ဟာလည်း အခြေခံအကျဆုံး လိုအပ်ချက်တွေဖြစ်တဲ့အတွက် လာအိုနိုင်ငံရဲ့ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ စွမ်းအင်ရရှိမှုအခြေအနေတို့ကို တစေ့တစောင်း လေ့လာဖြစ်ခဲ့ပါတယ်။


### ပညာရေးနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

ပညာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေနဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးမှုတွေ ဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၂၀ ပြည့်နှစ်က အခြေခံမူလတန်းပညာရေး အောင်မြင်မှုရရှိရေး ရည်ရွယ်ချက်နဲ့ မူလတန်းပညာရေးနဲ့ အလယ်တန်းပညာရေးကို ဦးစားပေးဆောင်ရွက်ခဲ့တာ တွေ့ရပြီး ကမ္ဘာ့ဘဏ်ရဲ့အဆိုအရ ပညာရေးတတ်မြောက်မှုနဲ့ လေ့လာသင်ယူမှု ရလဒ်ကောင်းတွေရရှိစေဖို့ သိသိသာသာ အထောက်အကူပြုခဲ့တယ်လို့ သိရပါတယ်။ မူလတန်းအဆင့်ပြီးမြောက်မှုနှုန်းမှာ ၂၀၁၀ ပြည့်နှစ်က ၇၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်မှာတော့ ၈၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အလယ်တန်းအဆင့်ပြီးမြောက်မှုရာခိုင်နှုန်းမှာ ၂၀၁၀ ပြည့်နှစ်က ၃၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်မှာ ၄၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တာ တွေ့ရပါတယ်။

### လမ်းပန်းဆက်သွယ်ရေး

ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး ဆိပ်ကမ်းမရှိတဲ့နိုင်ငံဖြစ်တဲ့အတွက် ကုန်းလမ်းပို့ဆောင်ရေးကို အဓိကအားပြုရတာတွေ့ရပါတယ်။ မြို့ကြီးတွေရဲ့ သယ်ယူပို့ဆောင်ရေးမှာ ဘတ်စ်ကားနဲ့ သုံးဘီးယာဉ်တွေကို အသုံးပြုပြီး အမြန်ရထားလမ်းလည်းရှိတာ တွေ့ရပါတယ်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ Boten-Vientiane Railway ဟာ နိုင်ငံရဲ့မြောက်ဘက်ပိုင်းမှာ China Railway System နဲ့ Mohan၊ Yunan တို့နဲ့ တိုက်ရိုက်ချိတ်ဆက်ထားသလို တောင်ဘက်မှာ Bangkok – Nong Khai High Speed Railway နဲ့ ချိတ်ဆက်ဖို့ လျာထားပြီး Belt and Road Initiative (BRI) ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါတယ်။ ၄၂၂ ကီလိုမီတာရှည်ပြီး လမ်းအကျယ်က Standard Gauge (Track Gauge) ၁၄၃၅ မီလီမီတာ(၄ ပေ ၈ ဒသမ ၅လက်မ)ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ 1 m track (၃ ဒသမ ၂၈ ပေအကျယ်) ရထားလမ်းသာ ရှိပါသေးတယ်။ လျှပ်စစ်အသုံးပြု အမြန်ရထားဖြစ်ပြီး အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ (တစ်နာရီလျှင် ၉၉ မိုင်နှုန်း)ခန့်နဲ့ နေ့စဉ်ပြေးဆွဲလျက်ရှိရာမှာ ခရီးသည် ၇၀၀ ကနေ ၁၀၀၀၀ အထိ နေ့စဉ် စီးနင်းအသုံးပြုလျက်ရှိတာ သိရပါတယ်။

လာအိုနိုင်ငံမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်လေးခုရှိပြီး မြို့တော်ဗီယင်ကျန်းမှာရှိတဲ့ ဝပ်တေ (WATTAY) အပြည်ပြည်ဆိုင်ရာလေဆိပ်ဟာ အထင်ရှားဆုံးဖြစ်ပါတယ်။ နှစ်စဉ် နိုင်ငံတကာခရီးသွား တစ်သန်းကျော်ရှိတယ်လို့ ဆိုပါတယ်။




လာအိုနိုင်ငံ၏ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်က ထုတ်ဝေသည့် အစီရင်ခံစာတစ်စောင်။

### စွမ်းအင်ရရှိမှုအခြေအနေ

နိုင်ငံအတွင်း ရေအရင်းအမြစ်ပေါများပြီး တောင်ကုန်းထူထပ်တဲ့ မြေမျက်နှာပြင်အနေအထားအရ ရေအားလျှပ်စစ် ထုတ်လုပ်ပြီးတော့ ခန့်မှန်းခြေအားဖြင့် မဂ္ဂါဝပ် ၈၀၀၀ ခန့်ကို ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရေအားလျှပ်စစ်ရရှိပေမယ့် ပြည်တွင်းလျှပ်စစ်ထုတ်လုပ်ရေးအတွက် ကျောက်မီးသွေးကို ဆက်လက်မှီခိုနေရဆဲဖြစ်ပါတယ်။ လက်ရှိ လာအိုနိုင်ငံမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၇၇ ခု၊ ဆိုလာစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ရှစ်ခု၊ ဇီဝဒြပ်ထုဓာတ်အားပေးစက်ရုံလေးခုနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ခု စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၉၀ ခန့်ရှိပြီး စုစုပေါင်း ဓာတ်အားထုတ်လုပ်မှုပမာဏ မဂ္ဂါဝပ် ၁၁၀၀၀ (Installed Capacity 11,000 MW) ရှိကြောင်း သိရပါတယ်။

၂၀၂၁ ခုနှစ်စာရင်းအရ နိုင်ငံလူဦးရေရဲ့ ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေတာကိုတွေ့ရပြီး နိုင်ငံသားတစ်ဦးချင်းရဲ့ တစ်နှစ် လျှပ်စစ်စွမ်းအင်သုံးစွဲမှုပမာဏဟာ ၆၇၈ ဒသမ ၄၉ kWh ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်အတွင်း လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုပမာဏဟာ ၃၀ ဒသမ ၁၄ ဘီလီယံ kWh ရှိပြီး တစ်နှစ်အတွင်း ပြည်ပကို၂၄ ဒသမ ၁၁ ဘီလီယံ kWh တင်ပို့ရောင်းချနိုင်ခဲ့သလို ပြည်ပကနေလည်း ၁ ဒသမ ၃၅ ဘီလီယံ kWh ပြန်လည်တင်သွင်းခဲ့ရတာကို တွေ့ရပါတယ်။ ၂၀၂၁ ခုနှစ်မှာ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မြန်မာနဲ့ မလေးရှားနိုင်ငံတို့ကို လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချခဲ့ပြီး ကမ္ဘာပေါ်မှာ ၁၂ ခုမြောက် အကြီးဆုံး လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်တဲ့နိုင်ငံဖြစ်ကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ကြောင်း သိရပါတယ်။ အလားတူ နိုင်ငံရဲ့မြေမျက်နှာသွင်ပြင်အနေအထားအရ လျှပ်စစ်စွမ်းအင် လိုအပ်လျက်ရှိတဲ့နေရာတွေအတွက် ထိုင်း၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတို့ထံက လျှပ်စစ်ဓာတ်အား ပြန်လည်ဝယ်ယူတင်သွင်းခဲ့ရပြီး အမေရိကန်ဒေါ်လာ ၆၉ မီလီယံခန့်ပြန်လည်သုံးစွဲခဲ့ရတာကို တွေ့ရပါတယ်။

၂၀၂၂ ခုနှစ်မှာ ပြည်ပကို လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်မှုပမာဏဟာ ၂၀၂၁ ခုနှစ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ပြီး ပြည်ပက တင်သွင်းရတဲ့ ပမာဏ ၇၂ ဒသမ ၇ ရာခိုင်နှုန်းလောက်အထိ လျှော့ချနိုင်ခဲ့တာ တွေ့ရပါတယ်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလစာရင်းအရ ဓာတ်အားခနှုန်းထားဟာ တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ (Laos Kip ၅၉၃ ဒသမ ၃၈) (ငွေကျပ် ၁၀၀ ဝန်းကျင်) ခန့်သာရှိတာ တွေ့ရှိရပါတယ်။ လျှပ်စစ်စွမ်းအင်ရရှိမှုဟာ ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပါတယ်။ လာအိုနိုင်ငံဟာ ၂၀၂၆ ခုနှစ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း (LDC) ကနေ ရုန်းထွက်နိုင်ဖို့ မျှော်မှန်းချက်ထား ဆောင်ရွက်နေတယ်လို့ဆိုပါတယ်။ ဒါကြောင့် လာအိုနိုင်ငံရဲ့ ခေတ်အဆက်ဆက် စီးပွားရေးရာပြုပြင်ပြောင်းလဲမှု မူဝါဒတွေနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေကို လေ့လာဖြစ်ခဲ့ပါတယ်။

### စီးပွားရေးဆိုင်ရာ စီမံဆောင်ရွက်မှုယန္တရားအသစ်

စီးပွားရေးဆိုင်ရာ စီမံဆောင်ရွက်မှုယန္တရားအသစ် (New Economic Mechanism- NEM)ဟာ ဗဟိုချုပ်ကိုင်တဲ့ စီးပွားရေးစနစ်ကနေ ဈေးကွက်ဦးစားပေးစီးပွားရေးစနစ်ကို အသွင်ကူးပြောင်းဖို့ ကြိုးပမ်းအားထုတ်မှုအဖြစ် ၁၉၈၁ ခုနှစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတော်အစိုးရက စတင်မိတ်ဆက်ဆောင်ရွက်ပေးခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒတစ်ခုဖြစ်ခဲ့ပါတယ်။ စီးပွားရေးအရ လွတ်လပ်မှုရှိစေဖို့၊ ကုန်သွယ်မှုအတားအဆီးတွေကို ဖယ်ရှားဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးလှုံ့ဆော်နိုင်ဖို့အတွက် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းတွေကို မြှင့်တင်ပေးဖို့ NEM ကို ရေးဆွဲချမှတ်ခဲ့တာဖြစ်ပါတယ်။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

လာအိုအစိုးရဟာ ငွေကြေးအရင်းအနှီးစီးဆင်းမှုတွေ၊ နည်းပညာလွှဲပြောင်းမှုတွေနဲ့ ဈေးကွက်ရရှိမှုတွေ တိုးပွားလာစေဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အားပေးခဲ့ပြီး စွမ်းအင်၊ စိုက်ပျိုးရေးနဲ့ သတ္တုတူးဖော်ခြင်းကဲ့သို့သော ဦးစားပေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြင့်လာစေဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အခွန်ကင်းလွတ်ခွင့်နဲ့ အခြားသောကင်းလွတ်ခွင့်တွေကို ဖန်တီးပေးခဲ့တာ တွေ့ရှိရပါတယ်။

#### ကုန်ဈေးနှုန်းလွတ်လပ်ခွင့်ပေးခြင်း

ထုတ်လုပ်မှုတိုးတက်လာစေဖို့နဲ့ ထုတ်လုပ်သူတွေကို တွန်းအားပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ လာအိုအစိုးရက ကုန်ဈေးနှုန်းတွေကို ဗဟိုအဆင့်မှသတ်မှတ်ပေးခြင်းထက် ဈေးကွက်အင်အားစုများ ကိုယ်တိုင်သတ်မှတ်စေခဲ့ပါတယ်။

#### ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်း

ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ပေးခဲ့ပြီး စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်း လုပ်ငန်းစဉ်ကိုပါ ဆောင်ရွက်စေခဲ့ပါတယ်။

### ကုန်ထုတ်စွမ်းအားနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲခြင်း

ထုတ်ကုန်လုံလောက်မှု တိုးတက်လာစေဖို့ ရည်ရွယ်ပြီးတော့ ကုန်ထုတ်စွမ်းအားနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ပြီး ပူးတွဲစတော့ရှယ်ယာကုမ္ပဏီတွေကို လွှဲပြောင်းပေးခဲ့တာ တွေ့ရှိရပါတယ်။

NEM က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံရဲ့ အသေးစား စီးပွားရေးလုပ်ငန်းညွှန်းကိန်းတွေ တိုးမြှင့်ဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိခဲ့တာတွေ့ရပါတယ်။ **စာမျက်နှာ ၁၇ သို့** ✳

※ စာမျက်နှာ ၁၆ မှ

ဒါပေမဲ့လည်း တစ်ဖက်မှာ လူမှုရေးဆိုင်ရာ ဆိုးကျိုးတွေဖြစ်တဲ့ မြို့ပြနဲ့ ကျေးလက်အကြား၊ မြို့နေလူတန်းစားရဲ့ ဝင်ငွေမတူညီတဲ့ အုပ်စုတွေအကြား ဝင်ငွေကွာဟမှုတွေဖြစ်စေခဲ့တာကို သတိပြုဖွယ် တွေ့မြင်ရပါတယ်။ ဈေးကွက်ဦးစားပေးမူဝါဒတွေနဲ့ပတ်သက်ပြီးတော့ NEM ကြောင့် လူမှုဖူလုံရေးအသုံးစရိတ်တွေ လျှော့ချနိုင်ခဲ့ပြီး တစ်ဖက်မှာလည်း ပြည်သူအချို့ရဲ့ လူနေမှုအဆင့်အတန်း ကျဆင်းစေခဲ့တာကို တွေ့ရပါတယ်။ NEM က ဈေးကွက်ဦးစားပေး စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ပြုပြင်မှုတွေနဲ့ပတ်သက်ပြီး ကွန်မြူနစ်ပါတီဝင်အချို့ရဲ့ ခုခံတော်လှန်မှုကိုလည်း ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ဖြည်းဖြည်းချင်းသာအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်မပြုလုပ်တော့ကြောင်း အာမခံချက်ပေးခဲ့ရပါတယ်။

**ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးယန္တရားအသစ်**

၁၉၈၁ ခုနှစ်က စတင်ခဲ့တဲ့ စီးပွားရေးဆိုင်ရာယန္တရားအသစ် (NEM) ကို ဆက်လက်ဆောင်ရွက်ခဲ့တဲ့ ယန္တရားတစ်ခုဖြစ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးယန္တရားအသစ် (New Mechanism Investment Promotion–NMIP) ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဖို့ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းကာလတွေနဲ့ ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလတွေမှာ စတင်မိတ်ဆက်ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒတစ်ခုဖြစ်ခဲ့ပါတယ်။ NEM မှာလိုပဲ NMIP မှာလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လွတ်လပ်ခွင့်နဲ့ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချမှုစတာတွေကို အသားပေးထားတာကို လေ့လာတွေ့ရှိရပါတယ်။

**ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခွင့်များ**

စက်ကိရိယာတွေနဲ့ ကုန်ကြမ်းပစ္စည်းတွေတင်သွင်းရာမှာ အခွန်ကင်းလွတ်ခွင့်၊ အမြတ်ငွေနဲ့ အရင်းအနှီးများ ပြန်လည်ရယူခွင့်တို့ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လွတ်လပ်ခွင့်များစွာ ပေးထားတာ တွေ့ရပါတယ်။

**လွယ်ကူမြန်ဆန်သည့် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်လုပ်ငန်းစဉ်**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ နိုင်ငံအတွင်း မြန်မြန်ဆန်ဆန် လုပ်ငန်းလည်ပတ်နိုင်စေဖို့၊ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်တွေရယူရာမှာ ပိုမိုလွယ်ကူမြန်ဆန်စေဖို့ one–stop shop ဖန်တီးပေးခဲ့ပါတယ်။

**လွတ်လပ်စွာ ကုန်သွယ်ခွင့်**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို လွတ်လပ်စွာ တင်သွင်းခွင့်ပေးခြင်းဖြင့် ကုန်သွယ်မှုအတားအဆီးတွေကို ဖယ်ရှားခဲ့ပြီး သွင်းကုန်နဲ့ ပို့ကုန်စနစ်ကို လွတ်လပ်ခွင့်ပေးခဲ့ပါတယ်။

သို့ပေမယ့် ဗျူရိုကရေစီစနစ် ထိရောက်မှုမရှိခြင်း၊ အခြေခံအဆောက်အအုံကန့်သတ်မှုနဲ့ ကျွမ်းကျင်လုပ်သားရှားပါးခြင်းတို့ဟာ NMIP ကို အကောင်အထည်ဖော်ရာမှာ တွေ့ကြုံရတဲ့ စိန်ခေါ်မှု တွေပဲဖြစ်ပါတယ်။

**လာအိုနိုင်ငံ၏ ဆင်းရဲမှုနှုန်း**

လာအိုနိုင်ငံရဲ့ အသုံးစရိတ်နဲ့ စားသုံးမှု နောက်ဆုံးအခြေအနေ စစ်တမ်း (LECS) ၂၀၁၈–၂၀၁၉ အရ လာအိုနိုင်ငံရဲ့ ဆင်းရဲမှုနှုန်းဟာ ၂၀၁၃ ခုနှစ်က ၂၄ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ ၁၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့တာကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေဟာ သိသာထင်ရှားစွာ တိုးတက်လာခဲ့တာ လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျေးလက်ဒေသတွေမှာ မြို့ပြထက် ဆင်းရဲနွမ်းပါးမှုနှုန်း ပိုမိုများပြားတာကိုတွေ့ရပြီး ကျေးလက်ဒေသတွေအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ စိန်ခေါ်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။

ဒါတွေကတော့ လယ်ယာလုပ်ငန်းခွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးခြင်း၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေမှာ လူမှုကာကွယ်စောင့်ရှောက်ရေးအနည်းငယ်မျှသာ ပါဝင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနဲ့ သန့်ရှင်းသော သောက်သုံးရေရရှိရေးကဲ့သို့သော အခြေခံဝန်ဆောင်မှုတွေ အကန့်အသတ်နဲ့ ရရှိခြင်း၊ မြေယာနဲ့ ချေးငွေကဲ့သို့သော ကုန်ထုတ်လုပ်မှုဆိုင်ရာအရင်းအမြစ်တွေ အကန့်အသတ်နဲ့ရရှိခြင်း၊ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းတို့ကိုဖြစ်စေတဲ့ သဘာဝအရင်းအမြစ်တွေ၊ မြေယာမဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေအတွက် ဈေးကွက်နဲ့ အခွင့်အရေးတွေ အကန့်အသတ်နဲ့ ရရှိခြင်း၊ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေအတွက် အခွင့်အရေးတွေကို ကန့်သတ်ထားတဲ့ ကျား/မ တန်းတူညီမျှမှု မရှိခြင်းတို့ အပါအဝင် ဆင်းရဲမှုကိုဖြစ်စေတဲ့ အကြောင်းအရာများစွာရှိပါတယ်။

ဆင်းရဲမှုကို ဖြေလျှော့နိုင်ဖို့ လာအိုအစိုးရက အစီအစဉ်အမျိုးမျိုးနဲ့ မူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။

**အမျိုးသားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချခြင်း မဟာဗျူဟာ (National Growth and Poverty Eradication Strategy –NGPES)**

NGPES ကို ဆင်းရဲမှုလျှော့ချခြင်းနဲ့ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရည်ရွယ်ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ မဟာဗျူဟာကို အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးကဏ္ဍတွေကို ရွေးချယ်ဆောင်ရွက်ဖို့ ၂၀၁၀ ပြည့်နှစ်မှာ ရေးဆွဲချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ပြန်လည်ပြုပြင်ခဲ့ပါတယ်။ ပြန်လည်အသစ်ပြုပြင်ထားတဲ့ မဟာဗျူဟာတွေဟာ ၂၀၂၀ ပြည့်နှစ်မှာ နိုင်ငံရဲ့ ဆင်းရဲမှုနှုန်းကို ၁၈ ရာခိုင်နှုန်းအထိ လျှော့ချဖို့နဲ့ မြို့ပြနဲ့ ကျေးလက်ဒေသများအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရာမှာ ကွဲပြားခြားနားချက်တွေကို ကိုင်တွယ်ဖြေရှင်းဖို့ ရည်ရွယ်ပါတယ်။

NGPES အရ ငွေကြေးဖောင်းပွမှု ထိန်းချုပ်ခြင်း၊ တည်ငြိမ်တဲ့ ငွေကြေးလဲလှယ်မှုနှုန်းရှိစေဖို့ ထိန်းချုပ်ခြင်းနဲ့ ဘတ်ဂျက်လိုငွေလျှော့ချခြင်းတွေအပါအဝင် ဘဏ္ဍာရေးနဲ့ ငွေကြေးမူဝါဒတွေချမှတ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းတွေ တည်ငြိမ်မှုရှိစေဖို့ ထိန်းသိမ်းကိုင်တွယ်ခဲ့တာ တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်ခြင်း၊ ဘဏ္ဍာငွေရရှိမှု တိုးမြှင့်ခြင်းနဲ့ စွန့်ဦးစီးပွားရေးတီထွင်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းကဲ့သို့သော စီမံချက်တွေနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်လာစေဖို့ မျှော်မှန်းဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား တိုးမြှင့်ပေးခြင်း၊ ကျေးလက်ဒေသတွေမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တိုးမြှင့်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာရေးကဲ့သို့သော လူမှုရေးရာဝန်ဆောင်မှုလုပ်ငန်းတွေ ထောက်ပံ့ပေးခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ဖို့ ရည်မှန်းဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။

**"နိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုနှုန်းဟာ ၂၀၀၃ ခုနှစ်မှာ ၃၃ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၈ ခုနှစ်မှာ ၂၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တာကြောင့် NGPES သည် သိသာထင်ရှားစွာ အထောက်အကူဖြစ်စေခဲ့တဲ့ မဟာဗျူဟာလို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။ ဒါပေမဲ့လည်း အုပ်ချုပ်မှုနဲ့ အကျင့်ပျက်ခြစားမှုဆိုင်ရာကိစ္စရပ်တွေကြောင့် စိန်ခေါ်မှုတွေရှိခဲ့ပြီး အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းတွေနဲ့ ဆက်စပ်လုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း လူမှုရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးတွေရှိခဲ့တယ်လို့ဆိုပါတယ်။ သဘာဝသယံဇာတအကန့်အသတ်ရှိမှု၊ ဗျူရိုကရေစီစနစ် မထိရောက်မှုတွေနဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့်လည်း စိန်ခေါ်မှုတွေရှိခဲ့တဲ့အတွက် သယံဇာတနဲ့ နည်းပညာ အကူအညီတွေ စုစည်းရယူနိုင်ဖို့ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ တွေ့ရပြီး အုပ်ချုပ်မှုစနစ်နဲ့ ဗျူရိုကရေစီလုပ်ထုံးလုပ်နည်းတွေ လွယ်ကူလျင်မြန်မှုရှိစေဖို့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးခဲ့"**

နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းဟာ ၂၀၀၃ ခုနှစ်မှာ ၃၃ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၈ ခုနှစ်မှာ ၂၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တာကြောင့် NGPES သည် သိသာထင်ရှားစွာ အထောက်အကူဖြစ်စေခဲ့တဲ့ မဟာဗျူဟာလို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။ ဒါပေမဲ့လည်း အုပ်ချုပ်မှုနဲ့ အကျင့်ပျက်ခြစားမှုဆိုင်ရာကိစ္စရပ်တွေကြောင့် စိန်ခေါ်မှုတွေရှိခဲ့ပြီး အကြီးစားအခြေခံအဆောက်အအုံ စီမံကိန်းတွေနဲ့ ဆက်စပ်လုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း လူမှုရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးတွေရှိခဲ့တယ်လို့ဆိုပါတယ်။ သဘာဝသယံဇာတ အကန့်အသတ်ရှိမှု၊ ဗျူရိုကရေစီစနစ် မထိရောက်မှုတွေနဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့်လည်း စိန်ခေါ်မှုတွေရှိခဲ့တဲ့အတွက် သယံဇာတနဲ့ နည်းပညာအကူအညီတွေ စုစည်းရယူနိုင်ဖို့ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ တွေ့ရပြီး အုပ်ချုပ်မှုစနစ်နဲ့ ဗျူရိုကရေစီလုပ်ထုံးလုပ်နည်းတွေ လွယ်ကူလျင်မြန်မှုရှိစေဖို့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးခဲ့တာ တွေ့ရပါတယ်။

**အမျိုးသားအာဟာရဆိုင်ရာမဟာဗျူဟာ**
**(National Nutrition Strategy–NNS) (၂၀၁၆–၂၀၂၅)**

မကြာသေးမီနှစ်များက လာအိုနိုင်ငံတော်အစိုးရဟာ ကျေးလက်လူဦးရေမှ အသက်ငါးနှစ်အောက်ကလေးငယ်တွေရဲ့ အာဟာရဆိုင်ရာ အခြေအနေတွေတိုးတက်စေဖို့ NNS ကို စတင်ဆောင်ရွက်ခဲ့ပြီး အာဟာရပြည့်ဝတဲ့အစားအစာတွေ ပိုမိုရရှိစေဖို့၊ မိခင်နို့တိုက်ကျွေးမှုနှုန်းမြှင့်တင်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုရရှိစေဖို့အတွက် အဓိကထားဆောင်ရွက်ပေးခဲ့တာတွေ့ရှိရပါတယ်။

ကိုဗစ်–၁၉ ကပ်ရောဂါ တုံ့ပြန်ဖြေရှင်းမှုအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် ကိုဗစ်–၁၉ ဆိုင်ရာ စီးပွားရေးသက်သာချောင်ချိရေးစီမံချက်များ (၂၀၂၀–၂၀၂၁) ကိုဆောင်ရွက်ခဲ့ပြီး တောင်သူလယ်သမားတွေအတွက် ငွေကြေးထောက်ပံ့မှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနဲ့ စားသုံးမှုတိုးမြှင့်ပေးခြင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုတွေထောက်ပံ့ပေးခြင်းတို့ ပါဝင်ပါတယ်။

**လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)**

စဉ်ဆက်မပြတ်စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအားနဲ့ လယ်သမားတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ တိုးတက်လာစေဖို့ ရည်ရွယ်ပြီး လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ကို ၂၀၁၁ ခုနှစ်မှာ ရေးဆွဲခဲ့ပါတယ်။ မဟာဗျူဟာကို အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူတွေအတွက် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားနဲ့ ဝင်ငွေ သိသာစွာတိုးပွားလာစေဖို့ ရည်ရွယ်ဆောင်ရွက်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့အဆိုအရ ADS ဟာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုနှုန်းလျှော့ချဖို့ များစွာအထောက်အပံ့ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

**လေ့လာတွေ့ရှိချက်**

လေ့လာတွေ့ရှိချက်တွေအရ လာအိုနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တဲ့အလျောက် ကန့်သတ်ချက်၊ လိုအပ်ချက်များစွာရှိပေမယ့် နိုင်ငံတော်အစိုးရအနေနဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ဆောင်ရွက်မှုတွေထဲက လျှပ်စစ်ဓာတ်အားရရှိရေး အိမ်ထောင်စု(HH) အဆင့် ရာနှုန်းပြည့်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် အိမ်နီးချင်းနိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ခြင်း၊ Industrial Revolution 4.0 နဲ့ ကိုက်ညီပြီး လျှပ်စစ်ကိုအခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ လုပ်ကိုင်နိုင်မှု အခြေအနေရှိခြင်း၊ ပို့ဆောင်ရေးအနေနဲ့လည်း လျှပ်စစ်အမြန်ရထား ပြေးဆွဲဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံရဲ့ လူဦးရေနည်းပါးခြင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း၊ ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေ မရှိခြင်းတို့ကြောင့် စာရေးသူတို့နိုင်ငံထက် ပိုမိုတိုးတက်လာပြီး ဆင်းရဲမှုနှုန်းကို သိသိသာသာလျှော့ချနိုင်တာ တွေ့ရပါတယ်။ အာဆီယံအစည်းအဝေးတွေမှာ အကြိမ်ကြိမ်တွေ့ဆုံဖူး၊ ဆွေးနွေးဖူး၊ ကိုယ်တိုင်လည်းရောက်ဖူးတဲ့ လာအိုနိုင်ငံထက် တိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော်တို့လူမျိုးတွေဟာ သူများတွေနဲ့ လည်းယှဉ်ပြီး သူတို့ထက်သာအောင်လည်း လုပ်နိုင်ပါတယ်။ မိမိတို့နေထိုင်တဲ့နိုင်ငံကို မိမိတို့ကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမှာဖြစ်ပြီး အပြင်က မည်သူတစ်ဦးတစ်ယောက်မှ လာရောက်ဆောင်ရွက်ပေးမှာမဟုတ်ပါ။ ဒါကြောင့် ကျွန်တော်တို့အားလုံး နိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မိမိတတ်နိုင်တဲ့အခန်းကဏ္ဍက ပါဝင်ပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ တည်ငြိမ်အေးချမ်းတဲ့၊ စည်ပင်သာယာဝပြောတဲ့၊ ဆင်းရဲမှုလွတ်ကင်းတဲ့ နိုင်ငံတစ်ခုဖြစ်အောင် အတူတကွပေါင်းစည်းညီညွတ် ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရင်းလေးစားစွာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ရည်ညွှန်းကိုးကားချက်**


- https://worldpopulationreview.com/countries/laos-population
- https://www.ceicdata.com/en/indicator/laos/foreign-direct-investment
- https://tradingeconomics.com/laos/gdp
- https://my.wikipedia.org/
- New Economic Mechanism retrieved from https:// www. britannica.com / topic/ New- Economic-Mechanism- Laotian-history
  https:// www. worlddata. info /asia/ laos/ energy consumption.php
- https://edlgen.com.la/uploads/webcast/lao/EDLGen_Opportunity_Day_PPT_2022.pdf
- https://www.ceicdata.com/en/indicator/laos/electricity-production
- https://oec.world/en/profile/bilateral-product/electricity/reporter/lao
- https://www.vietdata.vn/post/laos-electricity-export-value-in-2022-increased-by-7-5-over-the-same-period
- https://agep.aseanenergy.org/wp-content/uploads/2022/03/Lao-PDR-CP-2022.pdf

# ဗမာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၃ စည်ကားစွာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံအခြေစိုက် ဗီယက်နမ်ကုန်သွယ်ရေးရုံးတို့ ပူးပေါင်းကျင်းပသော "ဗမာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၃"(Bamar – Vietnam Trade Fair 2023) ကို ရန်ကုန်မြို့ Junction City Promotion Area တွင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ စည်ကားစွာကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Ly Quoc Tuan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဒေဝက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအခြေစိုက် ဗီယက်နမ်ကုန်သွယ်ရေးရုံး တာဝန်ခံ Mr. Nguyen Duong Kien က မိတ်ဆက်အမှာစကားပြောကြားကာ ဦးကျော်ဒေဝ၊ Mr. Nguyen Duong Kien ၊ ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးသန့်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ အိန္ဒိယ-မြန်မာကုန်သည်အသင်းဥက္ကဋ္ဌ Mr. Naresh Kumar တို့က ဗမာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၃ ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဗီယက်နမ်လုပ်ငန်းရှင်များက Food and Beverages၊ Home Appliances and Electrical Devices၊ Equipment and Materials of Construction, Agriculture and Manufacturing၊ POS Solutions၊ Lubricants and Engine Oil၊ Clothes စသည်တို့ကို ခင်းကျင်းပြသကြပြီး မြန်မာလုပ်ငန်းရှင်များကလည်း Export Quality Product များဖြစ်သော လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ စုံလင်စွာခင်းကျင်းပြသကြသည်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်ဆွေးနွေးနိုင်ရန် Business Matching နေရာကိုလည်း စီစဉ်ထားရှိကာ ဗီယက်နမ်ကုန်ပစ္စည်းများ မိတ်ဆက်ခွင့်ရရှိသကဲ့သို့ မြန်မာနိုင်ငံ၏ Made in Myanmar ကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ ချဲ့ထွင်နိုင်မည့်အခွင့်အလမ်းများ ရရှိခဲ့သည်။

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ ရည်ရွယ်ချက်များအနက် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးလုပ်ငန်းရှင်အချင်းချင်းအပြင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့်ပါ ချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်၊ ဒေသထွက်ကုန်ပစ္စည်းများကို Value-added ပြုလုပ်၍ နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်နိုင်စေရန် စသည့်အချက်များလည်း ပါဝင်ခြင်းကြောင့် ယခုကဲ့သို့ ကုန်စည်ပြပွဲများ ကျင်းပရခြင်းဖြစ်သည်။ အသင်းက ဦးဆောင်၍ ၂၀၂၃ ခုနှစ်အတွင်း ကုန်စည်ပြပွဲများ ကျင်းပခြင်းမှာ ယခုအကြိမ်သည် သုံးကြိမ်မြောက်ဖြစ်သည်။ ကုန်စည်ပြပွဲများ ယခုကဲ့သို့ ကျင်းပရခြင်းကြောင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# Cyclone MOCHA အလှူရှင်များ ဂုဏ်ပြုပွဲနှင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေပွဲကျင်းပ




ရန်ကုန် နိုဝင်ဘာ ၅

လူထုအခြေပြုပရဟိတအဖွဲ့က ကြီးမှူးကျင်းပသည့် Cyclone MOCHA အလှူရှင်များ ဂုဏ်ပြုပွဲနှင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေပွဲအခမ်းအနားကို ယနေ့ညနေ၄ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart Of Rangoon(THOR) ၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရခိုင်စည်တော်ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး မိုခါမုန်တိုင်းအကြောင်း ဗီဒီယိုဖြင့် ပြသခဲ့သည်။ ဆက်လက်၍ လူထုအခြေပြုပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မိုခါမုန်တိုင်း ပြန်လည် ထူထောင်ရေးတွင် အဘက်ဘက်မှ လှူဒါန်းထောက်ပံ့ခဲ့ကြသည့် အလှူရှင်များစာရင်းကို လူထုအခြေပြုပရဟိတအဖွဲ့ အထွေထွေ အတွင်းရေးမှူး ဦးရဲထက်နိုင်က တင်ပြသည်။ ထို့နောက် လူထုအခြေပြုပရဟိတအဖွဲ့မှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ပြီး အလှူရှင်တစ်ဦးက ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်ပြီး မိုခါမုန်တိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူထုအခြေပြုပရဟိတအဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး လူထုအခြေပြုပရဟိတအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်းခိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ ရန်ပုံငွေပွဲတွင် နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# သရက်ချောင်းမြို့၌ အခြေခံပညာကျောင်းသားအားကစားပွဲတော်အတွက် လေ့ကျင့်ပေးခြင်းနှင့် ပဏာမ မြို့နယ်အဆင့်လူရွေးပွဲ ပြုလုပ်

သရက်ချောင်း နိုဝင်ဘာ ၅

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် တိုင်းဒေသကြီးအဆင့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်အတွက် အရည်အချင်းပြည့်မီသော ထူးချွန်အားကစားသမားများ စေလွှတ်နိုင်ရေးအတွက် အားကစားလေ့ကျင့်ပေးခြင်းနှင့် မြို့နယ်အဆင့် အခြေခံပညာ ကျောင်းပေါင်းစုံ ပဏာမလူရွေးချယ်ပွဲကို နိုဝင်ဘာ ၃ ရက်မှစ၍ မြို့မရပ်ကွက်ရှိ မိုးလုံလေလုံအားကစားခန်းမနှင့် ပန်းတောရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

လူရွေးပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ အသက် ၁၈ နှစ်အောက် ကျောင်းသား ကျောင်းသူများက ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ရိုက် စသည့် အားကစားနည်းများဖြင့် ယှဉ်ပြိုင်အရွေးချယ်ခံလျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကာယနည်းပြဆရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။



အဆိုပါ မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံလူရွေးပွဲ၌ ရွေးချယ်ခြင်းခံရသည့် ကျောင်းသား ကျောင်းသူများက တနင်္သာရီတိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းပေါင်းစုံကျောင်းသားအားကစားပွဲတော်၌ ယှဉ်ပြိုင်နိုင်ရေးအတွက် ထားဝယ်ခရိုင်၌ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် သွားရောက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

နန်းခလိုက်(သရက်ချောင်း)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၅၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၅၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကျောက်ဖြူမြို့နယ်၌ ကနုကမာနှင့် ကျောက်ငါး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်ရှိ သဇင်တန်ပေါက်တံတားအနီး ချောင်းအတွင်းတွင် ဝါးဖောင်များဖြင့် စီးပွားဖြစ် မွေးမြူလျက်ရှိသော ကနုကမာနှင့် ကျောက်ငါးမွေးမြူရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုအခါ ယင်းပင်လယ်စာရေထွက်ကုန်အား ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးတင်ပို့ ရောင်းချလျက်ရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။



**အဓိကလုပ်ကိုင်နေတဲ့ ရေလုပ်ငန်း ခြောက်မျိုးရှိ**

"ကျွန်တော်တို့က ကနုကမာနဲ့ ကျောက်ငါးမွေးမြူရေးလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်လောက်ကစပြီးတော့ မွေးဖြစ်တာပါ။ အဓိကလုပ်ကိုင်နေတဲ့ ရေလုပ်ငန်းကတော့ ခြောက်မျိုးလောက်ရှိတယ်။ ဝယ်ရောင်းအနေနဲ့ ကျောက်ပုစွန်၊ ကင်းပုစွန်နဲ့ ကဏန်းပျော့ကိုလုပ်ကိုင်ပါတယ်။ ကဏန်းပျော့ကိုတော့ ကိုယ့်ဆီမှာ ၄၅ ရက် မွေးမြူထားရတယ်။ ပြီးမှ ကျောက်ဖြူက အအေးခန်းစက်ရုံတွေကို သွားသွင်းပါတယ်။ ကနုကမာနဲ့ ကျောက်ငါးကို မွေးထားပြီးတော့ ရောင်းတမ်းဝင်အရွယ်ရောက်မှ ရန်ကုန်နဲ့ ငပလီတို့မှာရှိတဲ့ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေနဲ့ ရေလုပ်ငန်းကုန်စည်ဒိုင်ဈေးကွက်တွေကို အဓိကထားပို့ပါတယ်" ဟု ကနုကမာမွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်နေသည့် MSME အသင်းဝင် ဦးခင်အေးမောင်က ပြောသည်။

ကနုကမာမွေးမြူရာတွင် မွေးမြူနည်းနှစ်မျိုးဖြင့် မွေးမြူထားရှိကြောင်း၊ မိုခါမုန်တိုင်းတွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ သို့သော်လည်း လုပ်ငန်းများရပ်တန့်မနေဘဲ ဆက်လက်ရပ်တည်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

"ကျွန်တော်တို့ ဒီကနုကမာကို မွေးမြူရာမှာ ကမာသားပေါက်ကောင်လေးတွေကို ဒေသခံတွေဆီက ဝယ်ယူပြီး မွေးမြူတာနဲ့ ကိုယ်တိုင်ထုတ်လုပ်ပြီး မွေးမြူတာဆိုပြီးတော့ မွေးမြူနည်းနှစ်မျိုးနဲ့ မွေးမြူပါတယ်။ ကိုယ်တိုင်ထုတ်လုပ်ပြီးမွေးမြူတဲ့ ကမာတွေကျတော့ ကမာသားပေါက်လေးတွေ ရှိနေမယ်ထင်ရတဲ့နေရာတွေကို ခန့်မှန်းပြီးတော့ ပလတ်စတစ်ခြင်း၊ ကော်ဘူး၊ သံထည်စတဲ့ စွန့်ပစ်ပစ္စည်းတွေကို ကြိုးတွေနဲ့ချည်၊ ဝါးဖောင်တွေနဲ့တွဲပြီး ချထားပေးရတယ်။ လေးလလောက်ကြာရင် သူတို့တွေက အဲဒီစွန့်ပစ်ပစ္စည်းတွေထဲမှာလာကပ်တယ်။ အဲဒီလိုလာကပ်တဲ့သားပေါက်တွေကို ပြန်ခွာပြီးတော့ဘိလပ်မြေအတုံးလေးတွေနဲ့တွဲပြီး ရေထဲမှာပြန်ချထားပေးတယ်။ ရောင်းတမ်းဝင်အရွယ် ကမာတွေရရှိလာတဲ့အခါမှ ဈေးကွက်အတွင်းကို ပို့ပြီးရောင်းချပါတယ်။ ပြောရမယ်ဆိုရင် အခုနှစ် မိုခါမုန်တိုင်းမှာ ကျွန်တော် သိန်းငါးဆယ်လောက် ဆုံးရှုံးမှုရှိခဲ့ပါတယ်။ မိုခါမုန်တိုင်းမှာ အနောက်တောင်လေတိုက်တော့ ရေစီးသန်လာတာကြောင့် ဖောင်တွေကျိုးပြီး ပျက်ထွက်သွားတယ်။ အဲဒီမှာ ကျွန်တော်မွေးမြူထားတဲ့ ကမာကောင်တွေတော်တော်များများ ပါသွားတယ်။ အခုကာလပေါက်ဈေးနဲ့ဆိုရင် သိန်း ၂၀၀၊ ၃၀၀ ဖိုးလောက်ဖြစ်နေပြီ။ MSME အသင်းဝင်တစ်ယောက်အနေနဲ့ နိုင်ငံတော်က တစ်ဖက်တစ်လမ်းကနေ ငွေကြေးအကူအညီရခဲ့ရင် အတိုင်းမသိဝမ်းသာမိမှာပါ။ ကျွန်တော့်လုပ်ငန်းမှာ အလုပ်သမား ၄၀ ကျော်ရှိပါတယ်။ အနီးအနားကျေးရွာတွေက လာရောက်လုပ်ကိုင်ကြပါတယ်။ အခုလိုလုပ်ငန်းရှိတော့ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိတာပေါ့။ ဒါကြောင့် ကျွန်တော်တို့လို လုပ်ငန်းရှင်တွေ အများကြီးလိုအပ်ပါတယ်။ ဒါမှလည်း ကိုယ့်ပြည်တွင်း အလုပ်အကိုင်တွေမှာ လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ကနုကမာ၊ ကျောက်ငါးနှင့် ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုမြင့်က ကျောက်ဖြူခရိုင်အတွင်း MSME လုပ်ငန်း ၁၆၁ ခုရှိကြောင်း၊ ဌာနအနေဖြင့် MSME လုပ်ငန်းများ တိုးတက်စေရန် ဒေသအတွင်းတွင်ဖြစ်စေ၊ နိုင်ငံအတွင်းတွင်ဖြစ်စေ ကျောက်ဖြူခရိုင်အတွင်းက လုပ်ငန်းရှင်များ ပါဝင်ပြီးပြသနိုင်ရန် စီစဉ်ချိတ်ဆက်ပေးကြောင်းနှင့် ဦးခင်အေးမောင်၏ ကနုကမာ၊ ကျောက်ငါးနှင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းသည်လည်း MSME လုပ်ငန်းတွင် တစ်ခုအပါဝင်ဖြစ်ပြီး ၎င်းလုပ်ငန်းမှာ စွန့်ဦးတီထွင်လုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။


ကနုကမာများသည် ရောင်းတမ်းဝင်အရွယ်သို့ ရောက်သောအခါ တစ်လုံးကို ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ အထိရရှိကြောင်း၊ ကဏန်းပျော့မှာ တစ်ကီလိုလျှင် ငွေကျပ် ၁၄၅၀၀၊ တစ်ကီလိုအောက်ဆိုလျှင် ငွေကျပ် ၄၀၀၀ မှ ၁၃၀၀၀ အထိ ဈေးအစားစားရှိကြောင်း၊ ကျောက်ပုစွန်နှင့် ကင်းပုစွန်ဆိုလျှင် ငွေကျပ် ၁၅၀၀၀၀ ရှိပြီး ကျောက်ငါးဈေးမှာ တစ်ကီလိုတစ်ကောင်လျှင် ငွေကျပ် ၆၅၀၀၀ မှ ၇၀၀၀၀ အထိရရှိပြီး ဝယ်လိုအားအပေါ်လိုက်၍ ဈေးနှုန်းအပြောင်းလဲများရှိနိုင်ကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်နေသူထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**



> **"ကနုကမာကို မွေးမြူရာမှာ ကမာသားပေါက်ကောင်လေးတွေကို ဒေသခံတွေဆီက ဝယ်ယူပြီး မွေးမြူတာနဲ့ ကိုယ်တိုင်ထုတ်လုပ်ပြီး မွေးမြူတာဆိုပြီးတော့ မွေးမြူနည်းနှစ်မျိုးနဲ့ မွေးမြူပါတယ်။ ကိုယ်တိုင်ထုတ်လုပ်ပြီးမွေးမြူတဲ့ ကမာတွေကျတော့ ကမာသားပေါက်လေးတွေ ရှိနေမယ်ထင်ရတဲ့နေရာတွေကို ခန့်မှန်းပြီးတော့ ပလတ်စတစ်ခြင်း၊ ကော်ဘူး၊ သံထည်စတဲ့ စွန့်ပစ်ပစ္စည်းတွေကို ကြိုးတွေနဲ့ချည်၊ ဝါးဖောင်တွေနဲ့တွဲပြီး ချထားပေးရတယ်။ လေးလလောက်ကြာရင် သူတို့တွေက အဲဒီစွန့်ပစ်ပစ္စည်းတွေထဲမှာလာကပ်တယ်။ အဲဒီလိုလာကပ်တဲ့ သားပေါက်တွေကို ပြန်ခွာပြီးတော့ ဘိလပ်မြေအတုံးလေးတွေနဲ့တွဲပြီး ရေထဲမှာ ပြန်ချထားပေးတယ်။ ရောင်းတမ်းဝင်အရွယ် ကမာတွေ ရရှိလာတဲ့အခါမှ ဈေးကွက်အတွင်းကို ပို့ပြီးရောင်းချပါတယ်"**





မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 10 My future plans
### Lesson 1 What I will do

Read the following dialogue and fill in the blanks with the suitable words given below.

| | | | | |
|---|---|---|---|---|
| be | English | want | become | for |
| hard | do | our | practise | kind |

Aung Lin: Hi, Sarah! What do you want to __(1)___ in the future?
Kyipyar: Hi, Aung Lin! I want to __(2)___ a teacher.
Aung Lin: That's cool! What ___(3)__ of teacher?
Kyipyar: I want to be an __(4)___ teacher.
Aung Lin: Great! I __(5)___ to be a doctor.
Kyipyar: Wow, that's important. How will you ___(6)__ a doctor?
Aung Lin: I need to study __(7)___ and go to medical school.
Kyipyar: I'll study English and __(8)___ speaking with people.
Aung Lin: Good idea! Let's work hard ___(9)__ our future dreams!
Kyipyar: Yes, let's do __(10)___ best, Aung Lin!

**Writing**

**(A) Fill in the blanks with a suitable word form.**

(1) It's (nature) ______________ to feel happy when you're playing with your friends.
(2) Messi is a world famous (football) ____________.
(3) It is sunny today. Let's go for a (swim) ____________.
(4) Mickey Mouse is a (fame) _________ cartoon character created by Disney.
(5) We can see (float) _________ gardens in Inle.

**(B) Supply the correct form of the verb given the brackets.**

(1) (visit) I ________ you tomorrow.
(2) (leave) We _________ for Bagan next Sunday.
(3) (you, buy) What ________ for your parents?
(4) (you, watch) ____________ TV tonight?
(5) (send) Ma Phyu ________ you a message tonight.

**(C) Rearrange the following words in the correct order to make a sentence.**

(1) swimming/ I / will / . / tomorrow/ go/
(2) go/ early / to / I / bed / I /. /
(3) do / you / tonight / homework / Will / ? / your /
(4) buy / I / . / my / present / for / will / mother / a /
(5) your / Will / you / today/ mother / ? / help /

******************

Ans:

**Unit 10 My future plans**
**Lesson 1 What I will do**
**(1) do (2) be (3) kind (4) English (5) want (6) become (7) hard (8) practise (9) for (10) our**

**Writing**

(A) 1. natural; 2. footballer; 3. swim; 4. famous; 5. floating;
(B) 1. will visit; 2. will leave; 3. Will you buy; 4. Will you watch; 5. will send;
(C) 1. I will go swimming tomorrow. 2. I go to bed early. 3. Will you do your homework tonight? 4. I will buy a present for my mother. 5. Will you help your mother today?

*************

## Grade 6

### Unit 6
### Lesson 2 : Do you eat healthy food?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. It is good for our health to drink m__________ every day.
2. My favourite b____________ is fried rice.
3. Blood f______ carries oxygen and nutrients to all parts of our body.
4. Dark chocolate is good for the s__________.
5. Green and yellow v___________ are good for the eyes.

**II. Complete the sentences with the suitable words given below. There are two extras.**

| | | | |
|---|---|---|---|
| chocolate | vitamins | health | |
| memory | growth | protein | nutrients |

1. ________ is a sweet treat that many people love to eat.
2.Fruits and vegetables have important ________ like vitamins and minerals.
3.I have a good _________ and can remember my friend's phone number.
4.__________ is a special nutrient that helps our muscles grow strong.
5._________ are special nutrients that help our body stay healthy.

**III.Answer the questions.**

(1) What did Kaythi have for her breakfast this morning?
(2) Where did Kaythi have her breakfast this morning?
(3) What is milk rich in?
(4) What makes bones and teeth stronger?
(5) Why are sardines good for our skin and brain?
(6) What did Zaw Naing have for his breakfast yesterday?
(7) With whom did Zaw Naing have his breakfast yesterday?
(8) Where did Zaw Naing have his breakfast yesterday?
(9) What do eggs and peas contain?
(10) What does rice give us?
(11) What can help build our body muscles?
(12) What did Kaythi have for her lunch yesterday?
(13) What did Kaythi have for dessert?
(14) For what are carbohydrates important?
(15) What does chicken contain?
(16) What is protein good for?
(17) What does broccoli have?
(18) What is Vitamin K good for?
(19) What should we do to make our skin good?
(20) What dows Kaythi usually do to be taller and do well in her studies?
(21) What did Zaw Naing eat for his lunch?
(22) What did Zaw Naing eat after lunch?
(23) What does fish contain?
(24) What does rice contain?
(25) Why are proteins and carbohydrates good for body growth and energy?
(26) What are string beans good for?
(27) What is good for our eyes?
(28) Why does Zaw Naing want to be stronger?

**************

## Grade 7

### Unit 6
### Lesson 1: To the pizza shop

**I Supply the correct word for the blank in each sentence. The first letter is given to help you.**

1. I like to eat p_____ with cheese and tomato sauce.
2. Please follow the d_____ on the map to find the nearest park.
3. I like to eat b_____ with butter and jam for breakfast.
4. The mechanic fixed the broken car in the g______.
5. Many colourful fishes can be seen at the a_____________.
6. Mom went to the s______ to get notebooks and pens.
7. The flowers are bright and c____________.
8. Please send clothes to the l____________.
9. We should avoid saying or doing things that may be o_____ to others.
10.The baker bakes his bread in the b____________.

**II. Supply the correct form of the words given in brackets.**

1. (colour) I like _______ fishes very much.
2. (beauty) The flowers in the garden _____ our home.
3. (bake) There is a new ____________ at the corner of the street.
4. (swim) He is a good _____________.
5. (swim) The condominium has an indoor _____________ pool.
6. shop) Mother goes ___________ once a week.
7. (shop) The supermarket was packed with many _____________.
8. (engine) I am interested in __________. I want to be an engineer.

**III. Supply the correct form of the verbs given in brackets.**

1. (get) When did you ____________ to school this morning?
2. (tell) Can you __________ me your name?
3. (turn) When you reach the traffic light, ___________ left.
4. (go) After we had finished our work, we _________ back home.
5. (buy) He checked the car for some time and __________ it.
6. (see) I _________ your mother in the market this morning.
7. (send) When I reach the beach, I __________ you a postcard.
8. (repair) The villagers are __________ the old bridge at present.
9. (fix) He is a mechanic. He can _________ a car.
10. (cut) Mother __________ slices of cake for us now.

**IV. Complete the dialogues with the given words.**

**Dialogue (1)**

Walk help should find walking

Min Min: Excuse me, can you help me ___(1)____ the library?
Yu Yu: Sure! ___(2)____straight down this road and turn left at the first corner.
Min Min: Then what ___(3)____ I do?
Yu Yu: Keep ___(4)____ until you see the big sign with "Library" on it.
Min Min: Thank you so much for your ___(5)____ !

***************

## Grade 8

### Unit 6
### Lesson 2 : Our friendly environment

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. D_________ are long periods when there is not enough rain and the land becomes very dry.
2. C_________ change can cause natural disasters.
3. He is f_________ with everyone in his class.
4. Protecting the e____________ is every man's responsibility.
5. Heavy rain or earthquakes can sometimes cause a l_________ to happen.

**II. Supply the correct form of the words given in brackets.**

1. (generate) The older ____________ prefer more traditional kind of clothing.
2. (warm) The weather is a bit __________ today.
3. (globe) Technology has turned the world into a ___________ village.
4. (environ) We're trying to protect the ___________ from pollution.
5. (friend) They were ___________ to me.

**III. Complete the sentences with the words given below.**

| | | |
|---|---|---|
| atmosphere | earthquake | flood |
| warming | disaster | environment |

1. The _______ is the layer of air that surrounds our planet.
2. Global ___________ is the long-term warming of the planet's overall temperature.
3. ____________ can happen during heavy rains.
4. Thousands of buildings collapsed in the _____________.
5. An earthquake is a natural ____________.
6. ____________ is the surrounding around us we do live in.

**IV. Answer the following questions.**

1. What is the earth full of?
2. Who breathes in oxygen?
3. What do trees breathe in?
4. What does the earth's atmosphere provide us with?
5. What does the sun give us for free?
6. Who benefits from the sun's warmth, light, and energy?
7. What are some of our basic needs that we can get from our natural environment?
8. What can we get from the rain?
9. Why are many trees being cut down for housing and farming?
10. Why is the quality of soil being degraded?
11. Why is the globe getting warmer and warmer day by day?
12. What can cause water pollution?
13. What is now a serious threat to food security?
14. What are natural disasters?
15. How can we stop global warming and climate change?

**********************************

## Grade 9

### Unit 6 Lesson 3: A dreadful day

Grammar

Past simple and past continuous

(A) Fill in the blanks with the correct past tense form of the verbs:

1. Yesterday, I ______ (play) with my friends at the park.
2. She ______ (watch) a movie last night.
3. We ______ (eat) pizza for dinner yesterday.
4. He ______ (go) to the zoo on Saturday.
5. They ______ (read) a book yesterday.

(B) Rewrite the following sentences in the past tense:

1. I play soccer every weekend.
2. She eats ice cream in the afternoon.
3. We go to school on weekdays.
4. He watches cartoons on TV.
5. They read books before bedtime.

(C) Write sentences in the past tense about what you did yesterday:

Example: I played with my toys. (Yesterday, I played with my toys.)

1. I eat breakfast.
2. She watches cartoons on TV.
3. We go to the park.
4. He reads a storybook.
5. They draw pictures.

(D) Change the Positive sentences into Negative.

1. I played soccer with my friends yesterday.
2. She watched a movie last night.
3. We went to the beach on the weekend.
4. He visited his grandparents during the summer vacation.
5. They read an interesting book last month.

(E) Change the Positive sentences into Question.

1. The cat chased a butterfly in the garden.
2. The students studied hard for their exams.
3. My family traveled to a new city for the holidays.
4. He cooked a delicious dinner for us.
5. He made dinner tonight.

(F) Fill in the blanks with the correct form of the verb in the Past Continuous tense:

1. I ______ (play) with my toys when the phone rang.
2. She ______ (watch) TV while eating dinner.
3. We ______ (dance) at the party when it started raining.
4. He ______ (study) in the library when I saw him.
5. They ______ (sleep) when the alarm clock went off.

(G) Rewrite the sentences using the past simple or past continuous tenses of the verbs in brackets.

1. I (play) with my toys when the phone (ring).
2. She (watch) TV while she (eat) dinner.
3. We (dance) at the party when it (start) raining.
4. He (study) in the library when I (see) him.
5. They (sleep) when the alarm clock (go) off.
6. The children (laugh) and (play) in the park when I (see) them.
7. Mother (cook) a delicious meal in the kitchen at 7 p.m. today.
8. The birds (sing) in the trees during the sunset.
9. Mother (cook) dinner while father (watch) TV.
10. He (ride) his bike when he (fall) and (hurt) his knee.
11. The cat (sleep) on the sofa when I (come) home.
12. I (draw) a picture while my brother (do) his homework.
13. It (rain) heavily all day yesterday.
14. She (read) a book when her friend (call) her.
15. I (study) my school lessons when the light (go) out last night.

********************

Ans:

Lesson 3: A dreadful day

Grammar

(A) 1. played; 2. watched; 3. ate; 4. went; 5. read;

(B) 1. I played soccer last weekend. 2. She ate ice cream in the afternoon. 3. We went to school on weekdays. 4. He watched cartoons on TV. 5. They read books before bedtime.

(C) 1. Yesterday, I ate breakfast. 2. Yesterday, she watched cartoons on TV. 3. Yesterday, we went to the park. 4. Yesterday, he read a storybook. 5. Yesterday, they drew pictures.

(D) 1. I did not play soccer with my friends yesterday. 2. She didn't watch a movie last night. 3. We did not go to the beach on the weekend. 4. He didn't visit his grandparents during the summer vacation. 5. They did not read an interesting book last month.

(E) 1. Did the cat chase a butterfly in the garden? 2. Did the students study hard for their exams? 3. Did your family travel to a new city for the holidays? 4. Did he cook a delicious dinner for us? 5. Did he make dinner tonight?

(F) 1. was playing; 2. was watching; 3. were dancing; 4. was studying; 5. were sleeping;

(G)1. was playing, rang; 2. watched, was eating; 3. danced, was starting; 4. was studying, saw; 5. were sleeping, went; 6. were laughing and playing, saw; 7. was cooking; 8. was singing; 9. was cooking, was watching; 10. was riding, fell and hurt; 11. was sleeping, came; 12. drew, was doing; 13. rained; 14. was reading, called; 15. was studying, went;

********************

## Grade 12

### Unit 5 COLOURS

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

Ans:

Unit 5 COLOURS

V. (1)(A) 1. colours; 2. blue; 3. Blues; 4. grow; 5. green light; 6. greenhouse effect;

(B)1. Feeling blue in this context means feeling sad and lonely. 2. When we are blue, we feel sad and lonely. 3. The music of the African-Americans is called "blues." 4. The music expresses the sad and lonely emotions of the African-Americans. 5. "Out of the blue" means without warning.

(ယခင်တစ်ပတ်မှ အဆက်)

V. (2) Read the passage. (Seen Passage)

Now, let's go to politics. When we say someone is pink, we mean that he or she has mild left-wing views, and therefore is a socialist. But to be in the pink is to be in the best of health. One very popular song of the mid-fifties goes like this: Enjoy yourself, it's later than you think. Enjoy yourself while you're still in the pink. By the way, do you know that your little finger is called a pinkie?

But if you're red instead of pink, then you're a true leftist, a communist. But when you see red, it means you are very angry. When a business company is in the red it means that the company is losing money and is in debt. When a footballer is shown a red card, he is sent of the pitch for violating one of the rules of the game. And to paint the town red is to go to a lot of different bars, clubs, etc. to enjoy oneself in a lively, and often drunken way. Then, we roll out the red carpet for VIPs. When someone is caught red-handed, he or she is caught in the act of committing a crime. And most modern-day teenagers enjoy red hot music, which is music that is loud and quick in rhythm. A red letter day is an important, or special day because something particularly good, important happens on this day. And how we hate all that red tape, which refers to all those unnecessary rules and regulations which result in delay.

(A) Write the correct word or words to complete each sentence. (5 marks)

1. The term "________" is used to describe someone with mild left-wing views, implying that they are a socialist.
2. Being in the ________ means being in the best of health.
3. The term pinkie is used to describe the ________.
4. Nonetheless, being _______ rather than pink suggests that you are a true leftist, a communist.
5. If a business company finds itself ________, it indicates that the company is experiencing negative financial performance.
6. We really hate all the ________ requirements, which are the unnecessary and strict rules and regulations resulting in delays.

(B) Answer each question in one sentence. (5 marks)

1. What does it mean when we say someone is pink?
2. What is the significance of being in the pink?
3. What is the message conveyed in the song "Enjoy Yourself"?
4. If you're red instead of pink, what does it mean?
5. What does it mean when you see red?
6. What does it mean when a business company is in the red?
7. What happens when a footballer is shown a red card?
8. What is the purpose of rolling out the red carpet?
9. What does it mean when someone is caught red-handed?
10. What is referred to as "red tape"?

********************

V. (3) Read the passage. (Seen Passage)

Are you yellow? If so, you have no courage; you are cowardly. But when a footballer is shown a yellow card, it means that he is warned for having broken a rule. And a yellow ribbon is a symbol of welcome – in the USA – for those returning home after having undergone danger. For instance, a soldier returning home from battle is quite likely to find yellow ribbons tied round a tree in his front yard.

Do you like to wear black clothes? You are not all alone if you say "yes". Black is the most preferred colour in today's fashion world. And the highest belt awarded in martial arts is black. However, black is also associated with mysterious or frightening things, as in black holes, black magic, black spirits, and so on. Like any other colours, black has both positive and negative connotations. For instance, a company in the black has more money than it owes. But, when someone is described as the black sheep of the family, he or she notoriously stands out from the rest of the family.

(A) Write the correct word or words to complete each sentence. (5 marks)

1. If you are yellow, you lack _____ and you are cowardly.
2. When a footballer receives a yellow card, it means he is given a ______ for breaking a rule.
3. In the USA, a ______ is recognized as a symbol of welcome for those returning home after experiencing danger.
4. ______ is used to express mysterious or frightening things.
5. The ______ is the term used to describe someone who stands out from the rest of the family.

(B) Answer each question in one sentence. (5 marks)

1. How is a person who is considered yellow described in the passage?
2. For whom is a yellow ribbon a symbol of welcome in the USA?
3. What is the significance of black in both the fashion world and martial arts?
4. What are some examples of mysterious or frightening things associated with the color black?
5. What does it mean when a company is described as "in the black"?
6. What does it mean when someone is referred to as the "black sheep" of the family?

(ဆက်လက်ဖော်ပြပါမည်)

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၂၃ သို့ ✧

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဆေးတက္ကသိုလ်(မကွေး)ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့အတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီတွင် မကွေးမြို့ ဆေးတက္ကသိုလ်(မကွေး)ဝင်း အတွင်း ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုအားပေး သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သား များ၊ အမျိုးသမီးရေးရာ/မိခင်နှင့် ကလေးစောင့်ရှောက် ရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အဆင့်မြင့်နှင့် အခြေခံပညာ ဦးစီးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့အစည်း များ စုပေါင်း၍ မကွေးမြို့ ဆေးတက္ကသိုလ်(မကွေး) ဝင်းအတွင်းရှိ မြက်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ဆေးတက္ကသိုလ်ဝင်းအတွင်း အဆောက် အအုံနှင့် မလွတ်ကင်းသော သစ်ကိုင်း၊ သစ်ပင်များ ခုတ်ထွင် ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများ အတွင်း အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်များအား အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းများကို ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ကြပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက် သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့စည်းများအား မြန်မာ့ရိုးရာမုန့်များနှင့် သောက်ရေသန့်များ ဝေငှ ပေးခဲ့ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ကို စုစုပေါင်းအင်အား ၃၄၀၀ ကျော်ဖြင့် ဆောင်ရွက် ခဲ့ကြကြောင်းနှင့် မြို့နယ်အသီးသီးရှိ ဘုရားစေတီ ပုထိုးများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ မြို့ ရွာ စာသင်ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာ လှပစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးတို့အတွက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**



# ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းသုတေသနပြတိုက် ပြည်တွင်းပြည်ပခရီးသွားများထံမှ အလှူငွေကျပ် ၂၄၈၉၅၅၀၀ ကောက်ခံရရှိ

**ညောင်ဦး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ ပြည်တွင်း ပြည်ပခရီးသွား များထံမှ ပုဂံရှေးဟောင်းသုတေသန ပြတိုက်(ပုဂံ)သို့ ဝင်ရောက်လေ့လာသူ များထံမှ ခုနှစ်လအတွင်း ငွေကျပ် ၂၄၈၉၅၅၀၀ ကောက်ခံရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)တာဝန်ရှိသူ များထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်းပြည်ပခရီးသွားများ ၂၀၂၃ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ၄၇၀၅၁ ဦး ဝင်ရောက်ခဲ့ပြီး ပြတိုက်ဝင်ကြေး တစ်ဦး ကျပ် ၅၀၀ ဖြင့် ငွေကျပ် ၂၃၅၂၅၅၀၀ ကောက်ခံရရှိကာ ပြတိုက်သို့ဝင်ရောက် လေ့လာသည့် ပြည်ပခရီးသွား ဧည့်သည် ၂၇၄ ဦးထံမှ ပြတိုက်ဝင်ကြေး တစ်ဦး ကျပ် ၅၀၀၀ ဖြင့် ငွေကျပ် ၁၃၇၀၀၀၀ ကောက်ခံရရှိခဲ့ကြောင်း၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ပုဂံ မြို့ဟောင်းရှိ ရှေးဟောင်းသုတေသနပြ တိုက်သို့ ပြည်တွင်းပြည်ပခရီးသွား ခုနစ် လအတွင်း ၄၇၃၂၅ ဦး ဝင်ရောက်ခဲ့ရာ ပြတိုက်ဝင်ကြေးကောက်ခံရရှိမှု ငွေကျပ် ၂၄၈၉၅၅၀၀ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။ ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ ၁၀ နှစ်အောက်ကလေးငယ် များ၊ ရဟန်းတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးတို့အား အခမဲ့ဝင်ရောက်ခွင့် ပြုခဲ့ကြောင်းလည်း ရှေးဟောင်းသုတေသန နှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၊ ပြတိုက်တာဝန်ခံ ဒေါ်ခက်ခက်လှ (ဒုတိယ ညွှန်ကြားရေးမှူး)ထံမှ သိရသည်။

**ဒီပါလင်း**

✧ စာမျက်နှာ ၂၂ မှ


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၇ | မန္တလေး | ၈ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်န်းကျွန်း | သဃ်န်းကျွန်း | သဃ်န်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

# ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

နေပြည်တော် နိုဝင်ဘာ ၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET)အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ။




**မိုးရေနမူနာများ စုဆောင်းရယူခဲ့**

၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း တိုင်းတာသည့် ၄၁ စခန်းလုံးတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၄၁ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၄၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

ပုံ (၂)၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ။




၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | မြစ်ကြီးနား | ၆.၇ |
| ၄ | ပူတာအို | ၆.၅ |
| ၅ | ဗန်းမော် | ၆.၇ |
| ၆ | ခန္တီး | ၆.၇ |
| ၇ | လားရှိုး | ၆.၇ |
| ၈ | တောင်ကြီး | ၆.၇ |
| ၉ | မိုင်းဆတ် | ၆.၇ |
| ၁၀ | ကျိုင်းတုံ | ၆.၆ |
| ၁၁ | စစ်ကိုင်း | ၆.၅ |
| ၁၂ | ဟုမ္မလင်း | ၆.၅ |
| ၁၃ | ဟားခါး | ၆.၆ |
| ၁၄ | ညောင်ဦး | ၆.၇ |
| ၁၅ | မုံရွာ | ၆.၆ |
| ၁၆ | ပျဉ်းမနား | ၆.၈ |
| ၁၇ | ကသာ | ၆.၆ |
| ၁၈ | ပြင်ဦးလွင် | ၆.၆ |
| ၁၉ | ကလေးဝ | ၆.၅ |
| ၂၀ | ရန်ကုန်(ကမ္ဘာအေး) | ၆.၇ |
| ၂၁ | မှော်ဘီ | ၇.၂ |
| ၂၂ | မကွေး | ၆.၈ |
| ၂၃ | အောင်လံ | ၆.၇ |
| ၂၄ | လွိုင်ကော် | ၆.၆ |
| ၂၅ | စစ်တွေ | ၇.၁ |
| ၂၆ | ကျောက်ဖြူ | ၇.၁ |
| ၂၇ | သံတွဲ | ၆.၈ |
| ၂၈ | ပြည် | ၆.၈ |
| ၂၉ | ပဲခူး | ၆.၇ |
| ၃၀ | တောင်ငူ | ၇.၂ |
| ၃၁ | ပုသိမ် | ၇.၀ |
| ၃၂ | မအူပင် | ၆.၉ |
| ၃၃ | ဟသ်ာတ | ၇.၁ |
| ၃၄ | မော်လမြိုင် | ၇.၀ |
| ၃၅ | ရေး | ၆.၈ |
| ၃၆ | ဘီးလင်း | ၇.၁ |
| ၃၇ | ဘားအံ | ၆.၉ |
| ၃၈ | ကော့ကရိတ် | ၆.၈ |
| ၃၉ | ထားဝယ် | ၇.၂ |
| ၄၀ | မြိတ် | ၆.၈ |
| ၄၁ | ကော့သောင်း | ၆.၇ |

# ဇမ္ဗူသီရိမြို့နယ်သမဝါယမအသင်းစု(လီမိတက်)က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို ဇမ္ဗူသီရိမြို့နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး ပထမပိုင်းတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက ယခုလို အရပ်ရပ်ဆိုင်ရာအစည်းအဝေးများပြုလုပ်ရခြင်းသည် အသင်း၏ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများအပေါ်စီမံခန့်ခွဲခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ချမှတ်ခြင်း၊ အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်ရကြောင်း ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်း၏ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ် အစီရင်ခံစာများ၊ အသင်း၏ ဘဏ္ဍာရေးအစီရင်ခံစာများကို အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားတင်ပြခဲ့ရာ တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များက ကန့်ကွက်ရန် မရှိပါသဖြင့် သဘာပတိက အတည်ပြုခဲ့ပြီးနောက် ငါးနှစ်သက်တမ်းပြည့်ပြီးဖြစ်သည့် အမှုဆောင်အဖွဲ့က နုတ်ထွက်ခဲ့ကြသည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်သမဝါယမအသင်းစု (လီမိတက်)၏ အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပခဲ့ရာ တိုင်းအဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပြုထောက်ခံခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခြင်းစသည်တို့ကို ရှင်းလင်းပြောကြားကာ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တက်ရောက်လာသော သမဝါယမအသင်းဝင်



ကိုယ်စားလှယ်များ ၂၅ ဦးအနက်မှ အမှုဆောင်ဒါရိုက်တာအဖွဲ့ ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ပေးခဲ့ပြီး ရွေးချယ်ခံရသည့် အမှုဆောင်အဖွဲ့သစ် ခုနစ်ဦးတို့က အချင်းချင်း တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု သတိပြုပါ

အောင်ထက်လင်း (ကြိမ်ချောင်း)

ယခုတစ်လောတွင် အွန်လိုင်းလိမ်လည်မှုများ ပိုမိုမြင့်မားလာလျက်ရှိသကဲ့သို့ ဖမ်းဆီးရမိသည့် သတင်းများကိုလည်း သတင်းစာများတွင် မကြာခဏဖတ်ရှုရပါသည်။ Analytics Insight ၏ ၂၀၂၃ ခုနှစ် နှစ်ဆန်းမှတ်တမ်းများအရ ကမ္ဘာတစ်ဝန်း အွန်လိုင်းပေါ်၌ လိမ်လည်လှည့်ဖြားမှု အများဆုံး ကျူးလွန်သည့် ၁၀ နိုင်ငံမှာ အစဉ်လိုက်အားဖြင့် နိုင်ဂျီးရီးယား၊ ဂါနာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ရိုမေးနီးယား၊ ရုရှား၊ တောင်အာဖရိက၊ ယူကရိန်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်ဟု ဆိုသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အွန်လိုင်းပေါ်ကျူးလွန်သည့် ပြစ်မှုအမျိုးအစားများမှာ မတူညီကြပေ။ ယေဘုယျအားဖြင့် ငွေကြေးလိမ်လည်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလိမ်လည်မှု၊ အလုပ်အကိုင်လိမ်လည်မှု၊ နည်းပညာပံ့ပိုးမှုဆိုင်ရာ လိမ်လည်မှု၊ အချစ်ရေးဆိုင်ရာလိမ်လည်မှု၊ ထီလိမ်လည်မှုတို့ဖြစ်သည်။ ရုရှားလိမ်လည်သူများသည် ဖြားယောင်းမှု ဆော့ဝဲလ်တိုက်ခိုက်မှုနှင့် အထောက်အထားခိုးယူမှုများကို အဓိက ကျူးလွန်လေ့ရှိပြီး အမေရိကန်တွင်မူ ဖြားယောင်းမှု၊ အထောက်အထားခိုးယူမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုက အများဆုံးဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေကြရဆဲဖြစ်သည်။

### ငွေကြေးဆိုင်ရာလိမ်လည်မှု

မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးမှာ ငွေကြေးဆိုင်ရာလိမ်လည်မှုဖြစ်သည်။ အရေးယူနိုင်သည့် ဥပဒေအများအပြားရှိသော်လည်း ယင်းကိစ္စမျိုးသည် သာမန်ရာဇဝတ်မှုများကဲ့သို့ သက်သေခံအထောက်အထား ရှာဖွေဖော်ထုတ်ရန် မလွယ်ကူသဖြင့် အရေးယူရာတွင် အခက်အခဲများရှိနေတတ်သည်။ အမှုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် သက်သေအထောက်အထား ပြည့်စုံစွာရရှိရန် ခက်ခဲခြင်း၊ ဆုံးရှုံးသည့်ငွေကြေးနှင့် တရားစွဲဆိုရန် ကုန်ကျစရိတ်မကာမိခြင်း၊ နစ်နာသူများအနေဖြင့် တရားရုံးများသို့ သွားရောက်လိုစိတ် နည်းပါးခြင်းစသည့် အခြေအနေအရပ်ရပ်တို့ကလည်း ငွေကြေးလိမ်လည်သူများအတွက် အခွင့်အလမ်းသဖွယ်ဖြစ်နေသည်။ အွန်လိုင်းမီဒီယာများပေါ်၌ လတ်တလော ခေတ်စားလျက်ရှိသော ချေးငွေလုပ်ငန်းများစွာရှိသည့်အနက် သတိပြုရှောင်ရှားသင့်သော အန္တရာယ်ရှိ ချေးငွေလုပ်ငန်း ၃၅ မျိုးကို ဆက်သွယ်ခြင်းမပြုလုပ်ကြရန် စားသုံးသူရေးရာဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

ဒေါင်းလုတ်မဆွဲသင့်သော အက်ပလီကေးရှင်း ၃၅ ခု၏ လိုဂိုများကို ဂူဂဲလ်ပလေးစတိုးတွင် ပိတ်ပင်ထားပြီး အကယ်၍ အဆိုပါ အက်ပလီကေးရှင်းများအား ဒေါင်းလုတ်ဆွဲလိုက်ပါက မြန်မာကျပ်ငွေဖြင့် စတင်ငွေချေးနိုင်ကာ မိမိချေးယူလိုက်သည့် ငွေပမာဏ၏ ၇၅ ရာခိုင်နှုန်းကို စတင်လွှဲပို့မည်ဖြစ်ကြောင်း၊ ငွေမလွှဲမီ မိမိထံမှ ၎င်းတို့တောင်းဆိုထားသည့် အချက်ခုနစ်ချက်ကို စတင်ပေးပို့ရမည်ဖြစ်ပြီး တရားမဝင် ချေးငွေလုပ်ငန်းများ အသုံးပြုသည့် အက်ပလီကေးရှင်းများတွင် အင်စတောပြုလုပ်ရန်အတွက် ပေးရသည့် ပါမစ်ရှင် အသုံးပြုသူများကို ထိခိုက်စေနိုင်သည့်အပြင် ၎င်းတို့တောင်းသောဓာတ်ပုံများကို ပေးမိပါက မိမိကိုယ်တိုင်မသိလိုက်ဘဲ ဓာတ်ပုံနှင့် ဗီဒီယိုများကို ရယူသွားနိုင်ကြောင်း သိရသည်။ မျက်မှောက်ကာလလူအများ၏ နေ့စဉ်ဘဝတွင် အင်တာနက် အသုံးပြုမှုများပြားလာသည်နှင့်အမျှ အွန်လိုင်းလိမ်လည်မှုများ၏ သားကောင်ဖြစ်နိုင်ခြေသည် ယခင်ကထက် ပိုမိုမြင့်မားလာသဖြင့် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်လာသည်။ ထို့ကြောင့် အစိုးရအသီးသီးနှင့် သက်ဆိုင်ရာဌာနများ၏ အွန်လိုင်းပေါ်မှ အန္တရာယ်များအပေါ် မည်သို့ရှောင်ရှားရမည်ကို အသိပေးလမ်းညွှန်မှုများသည် အွန်လိုင်းသုံးစွဲသူများ လုံခြုံမှုရှိစေရေးအတွက် အကောင်းဆုံးနည်းလမ်းများဖြစ်သည်။

### အင်တာနက်ငွေကြေးလိမ်လည်မှုတွင် လူကုန်ကူးခံရ

ဖိလစ်ပိုင်နိုင်ငံ၌ အင်တာနက်မှ ငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများကို ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်းသတင်းကို မေလ ၃၁ ရက်နေ့ ည ရုပ်မြင်သံကြားသတင်းနှင့် ဇွန်လ ၁ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံ ပမ်ပန်ဂါပြည်နယ် မာဘာလာကတ်မြို့ရှိ Clark Sun Valley Hub ၌ ပြုလုပ်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဖိလစ်ပိုင်ရဲတပ်ဖွဲ့က စစ်ဆင်ရေးပြုလုပ် ကယ်ထုတ်ခဲ့ရာ နိုင်ငံပေါင်းစုံမှ နိုင်ငံသား ၁၀၉၀ ခန့် တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံသား ၃၉ ဦး ပါဝင်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်စာဖြင့် မြန်မာသံရုံးသို့ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့တွင် အကြောင်းကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာသံရုံး ယာယီတာဝန်ခံနှင့် ကောင်စစ်အရာရှိတို့က အထက်ပါမြန်မာနိုင်ငံသားများ ပါဝင်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ သွားရောက်တွေ့ဆုံခဲ့ရာ အင်တာနက်ငွေကြေးလိမ်လည်မှု (Online Scam) တွင် လူကုန်ကူးခံရ၍ ကယ်တင်ခံထားရသည့် မြန်မာနိုင်ငံသား ၃၉ ဦးနှင့် တွေ့ဆုံစိစစ်မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။ ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသား ၃၉ ဦးအနက် ပထမအသုတ်အဖြစ် လူ ၂၀ သည် မြန်မာနိုင်ငံသံရုံး၏ စီစဉ်ပေးမှုဖြင့် ၂၀၂၃ ခုနှစ် မေလ ၂၈ ရက်နေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကြိုဆို၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုပပျောက်စေရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ် စီမံကိန်းကာလမှာ ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ဖြစ်သည်။ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိသည်။ လူကုန်ကူးခံရသူများတွင် သတင်းအမှားများဖြင့် လိမ်လည်လှည့်ဖြားခံရခြင်းမှာ တူညီသောအဓိကအချက်ဖြစ်သည်။ လိမ်လည်လှည့်ဖြားလိုသူ လူကုန်ကူးသမားများသည် ပြောင်းလဲတိုးတက်နေသော အင်တာနက်နည်းပညာများကိုအသုံးပြု၍ လူသစ်စုဆောင်းမှုများ ပြုလုပ်လာကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများ၊ မက်မောဖွယ်ငွေကြေးများဖြင့် ဆွဲဆောင်စည်းရုံးကာ လူကုန်ကူးမှုကို ကျူးလွန်နေကြသည်။ နိုင်ငံခြားသားများအနေဖြင့် ကွန်ပျူတာ၊ နည်းပညာနှင့် ဆက်စပ်သည့် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် လစာကောင်းသည့် အလုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ လိမ်လည်ခေါ်ဆောင်မှုများကို ပြည်သူများအနေဖြင့် လုံးဝယုံကြည်မှုမရှိရန် အကြိမ်ကြိမ် သတင်းထုတ်ပြန် အသိပေးလျက်ရှိသည်။

### အွန်လိုင်းအသုံးပြုလိမ်လည်နည်းများကို သင်ကြားပေး

ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိသွားခဲ့သော မြန်မာနိုင်ငံသားများမှာ facebook တွင် ကြော်ငြာထားသည့် Leap Group Co.,Ltd. နှင့် Colorful Group Co.,Ltd. တို့၏ ဝက်ဘ်ဆိုက်မှ တစ်လလျှင် ပီဆို ၃၀၀၀၀ မှ ၇၀၀၀၀ အထိလည်းကောင်း၊ တရုတ်ယွမ်ငွေ ၄၀၀၀ မှ ၈၀၀၀ အထိလည်းကောင်း အရည်အချင်းအပေါ်မူတည်၍ ရရှိမည်ဟု အလုပ်ခေါ်ယူသည့် ကြော်ငြာစာများ တွေ့ရှိသဖြင့် အွန်လိုင်းမှ လျှောက်ထားခဲ့ကြသည်။ Online Interview ဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုကို စစ်ဆေးခံရပြီး အောင်မြင်သဖြင့် အလုပ်ခေါ်စာနှင့် လေယာဉ်လက်မှတ်ကို အွန်လိုင်းမှပေးပို့၍ ရရှိခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ရာ လေဆိပ်တွင် အမည်မသိသူများက လာရောက်ကြိုဆိုပြီး ခေါ်ဆောင်သွားခဲ့သည်။ ကုမ္ပဏီတွင် နှစ်ရက်၊ သုံးရက်ခန့် စမတ်ဖုန်းနှင့် ကွန်ပျူတာတို့မှ အွန်လိုင်းအသုံးပြုလိမ်လည်နည်းများကို သင်ကြားပေးသည်။ အလုပ်ချိန်မှာ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ လုပ်ကိုင်ကြရသည်။ အွန်လိုင်းမှ လိမ်လည်စည်းရုံး ခေါ်ယူသူမရရှိလျှင် အချိန်ပို နှစ်နာရီမှ သုံးနာရီအထိ နေ့စဉ် ထပ်မံအလုပ်ဆင်းရသည်။

လုပ်ခလစာမှာလည်း ပထမလတွင်သာ သတ်မှတ်ထားသည့်အတိုင်း ရရှိသော်လည်း နောက်လများတွင် အကြောင်းအမျိုးမျိုးပြကာ ငွေကြေးဖြတ်တောက်သည်။ အချို့မှာ လစာလုံးဝမရသူများရှိသည်။ နားရက်မှာလည်း တစ်ပတ်တွင် တစ်ရက်သာအနားရရှိသည်။ လိမ်လည်သူများမှာ ကုမ္ပဏီကြီးများဟန်ဆောင်၍ ကြော်ငြာများဖြင့် လစာကောင်းပေးမည်ဟု ခေါ်ယူသော်လည်း လုပ်ငန်းခွင်သို့ ရောက်ရှိသည့်အခါ တစ်ရက်လျှင် ၁၄ နာရီစေခိုင်းပြီး အကျပ်ကိုင်ခြိမ်းခြောက်မှုများ ပြုလုပ်သည်။ ငွေချေးပေးသူဟုဆိုပြီး အွန်လိုင်းတွင် Apps များ ဒေါင်းလုတ်ရယူခိုင်းကာ ကိုယ်ရေးအချက်အလက်များရယူ၍ ခြိမ်းခြောက်ငွေညှစ်မှုများကို ကြုံတွေ့ရခြင်းများရှိနေကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ၏ ပြောကြားချက်များအရ သိရသည်။

စားသုံးသူရေးရာဦးစီးဌာနကလည်း ချေးငွေလုပ်ငန်းအမည်ခံထားပြီး ခြိမ်းခြောက်မှုများ ပြုလုပ်နေသည့် အန္တရာယ်ရှိ Apps ၃၅ မျိုးကို အသိပေးထုတ်ပြန်ထားသည်။ အဆိုပါ လိမ်လည်ခြိမ်းခြောက်နေသည့် Application များမှာ Pegion၊ Sun Cash၊ Morning Cash၊ Happy Cash၊ Cash Tree၊ Easy Wallet၊ Fast Cash၊ Sky Cash၊ MM Finance၊ Money Bag၊ Cash Woo၊ U Finance၊ Lone Mi၊ Lxora Cash၊ Cash Now၊ Kind Cash၊ Kyat Wave၊ Money Bag၊ Quick Kyat အစရှိသည်တို့ဖြစ်ပြီး အဆိုပါ Application များသည် ၂၀၂၂ ခုနှစ်ကတည်းကပင် လိမ်လည်မှုများကြောင့် နာမည်ပျက်နှင့်ကျော်ကြားနေသည်ဟု စားသုံးသူရေးရာဦးစီးဌာနက အသိပေးထားသည်။ အဆိုပါ Apps များကို ဒေါင်းလုတ်ပြုလုပ်မိပါက ဖုန်းအတွင်း မှတ်သားထားသည့် Contact တွင်ရှိ အဖေ သို့မဟုတ် အမေ သို့မဟုတ် မိန်းမထံ ဆင်းကတ်မျိုးစုံဖြင့် ဖုန်းဆက်၍ ပြဿနာရှာခြင်း၊ ညစ်ညမ်းယုတ်ညံ့စွာ ဆဲဆိုခြင်းများ ခံရနိုင်သည့်အပြင် Facebook Account၊ Telegram Account အစရှိသည်တို့နှင့်လည်း ၎င်းတို့၏ အကောင့်အတုများဖြင့် အသရေဖျက်လာနိုင်ကြောင်း၊ မိသားစု၊ ချစ်သူ၊ သမီးရည်းစား ဓာတ်ပုံ/ဗီဒီယိုများ၏ အချက်အလက်များကိုပါ ရရှိသွားနိုင်သည့်အပြင် Black mail(ငွေညှစ်ခြင်း) များဖြစ်ပေါ်လာနိုင်ကြောင်း သတင်းစာများတွင် ထုတ်ပြန်ထားသည်။

### ငွေချေးလုပ်ငန်းများနှင့် သံသယဖြစ်ဖွယ် ကြော်ငြာများကို အထူးသတိပြုရှောင်ရှား

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအား သိရှိခြင်းမရှိဘဲ ဆက်သွယ်လာမှုများကို ယုံကြည်မှုမရှိကြပါရန်နှင့် အမျိုးသမီးငယ်များအနေဖြင့် အလုပ်လျှောက်ထားရာတွင် အလုပ်ခေါ်ယူသည့် ကုမ္ပဏီများနှင့် ပတ်သက်၍ မှန်ကန်မှု၊ ခိုင်မာမှုရှိ၊ မရှိကို နားလည်တတ်ကျွမ်းသူများ၊ အတွေ့အကြုံရှိသူများထံ မေးမြန်းစိစစ်ပြီး သေချာမှ သွားရောက်လုပ်ကိုင်သင့်သည်။ ကုမ္ပဏီအတုအယောင်များဖြင့် အွန်လိုင်းလိမ်လည်သည့် လုပ်ငန်းများစွာရှိနေသဖြင့် အဆိုပါလိမ်လည်မှုများတွင် ဖမ်းဆီးခံရပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားရုံးပြစ်ဒဏ်ချမှတ်ခြင်းများ ခံရမည်ဖြစ်သည်။ ဥပဒေနှင့်မညီသော လုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ခြင်းမရှိစေရေး သတိပြုဆောင်ရွက်ကြပါရန် အထူးအရေးကြီးပေသည်။ အွန်လိုင်းပေါ်မှ မက်လုံးပေး ကြော်ငြာသော ငွေအပ်နှံရန် ဖိတ်ခေါ်မှုများ၊ ချေးငွေရရှိရန် အလွန်လွယ်ကူသော ငွေချေးလုပ်ငန်းများနှင့် သံသယဖြစ်ဖွယ် ကြော်ငြာများကို အထူးသတိပြု ရှောင်ရှားကြရန်နှင့် သက်ဆိုင်ရာက ထုတ်ပြန်ထားသော အွန်လိုင်းသုံးစွဲသူများ လုံခြုံမှုရှိစေရေး သတိပေးချက်များကို အလေးထားလိုက်နာကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> **“ လူကုန်ကူးခံရသူများတွင် သတင်းအမှားများဖြင့် လိမ်လည်လှည့်ဖြားခံရခြင်းမှာ တူညီသော အဓိကအချက်ဖြစ်သည်။ လိမ်လည်လှည့်ဖြားလိုသူ လူကုန်ကူးသမားများသည် ပြောင်းလဲတိုးတက်နေသော အင်တာနက်နည်းပညာများကို အသုံးပြု၍ လူသစ်စုဆောင်းမှုများ ပြုလုပ်လာကြသည်။ အလုပ်အကိုင် အခွင့်အလမ်းများ၊ မက်မောဖွယ်ငွေကြေးများဖြင့် ဆွဲဆောင်စည်းရုံးကာ လူကုန်ကူးမှုကို ကျူးလွန်နေကြသည်။ နိုင်ငံခြားသားများအနေဖြင့် ကွန်ပျူတာ၊ နည်းပညာနှင့် ဆက်စပ်သည့် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် လစာကောင်းသည့် အလုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ လိမ်လည်ခေါ်ဆောင်မှုများကို ပြည်သူများ အနေဖြင့် လုံးဝယုံကြည်မှုမရှိရန် အကြိမ်ကြိမ် သတင်းထုတ်ပြန်အသိပေး လျက်ရှိ ”**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁-၁၁-၂၀၂၃ ရက်မှအဆက်

ဦးမြမောင်မှာ တွေဝေနေဟန်ဖြင့် ဝန်ခံရမလို ဖြစ်နေသော်လည်း သူ၏ ဟန်ပန်သွင်ပြင်က ဝန်ခံလိုဟန် မရှိချေ။ ကျားကျားမီးယပ် လုပ်ချင်နေပုံပေါ်နေသည်။

"တန်ဖိုးမရှိပါဘူး ဦးလေး။ ကျုပ်တို့ ထန်းတက်သမားတွေကသာ တက်မပေးရင် တန်ဖိုးလုံးဝမရှိပါဘူး။ တစ်ခုတော့ရှိတယ်၊ ဦးလေးတို့ကိုယ်တိုင်တက်ပြီး လှီးရင်တော့ မသိဘူး"

"ဘာကွ၊ မင်းက ငါ့ကို သက်သက်စော်ကားတာလား"

ဆယ်ရင်၏စကားကြောင့် ဦးမြမောင်၏မျက်နှာသည် ရဲခနဲဖြစ်သွားကာ ရုတ်တရက်စိတ်ဆိုးသွားဟန်ဖြင့် အော်လိုက်သည်။ ဦးမြမောင် စိတ်ဆိုးသွားကြောင်းသိလျှင် ဆယ်ရင်က စကားပြေထိုးလိုက်သည်။ အနီးရှိလူများက ပြုံးစိစိနှင့် ကြည့်နေကြသည်။

"ဦးလေးရာ၊ စိတ်မဆိုးပါနဲ့ဗျာ။ ကျုပ်က စကားအဖြစ် ဥပမာပြောတာပါ"

ဦးမြမောင်သည် လူကြီးပီပီ ဣန္ဒြေကို ထိန်းလိုက်ဟန်ဖြင့် စိတ်ဆိုးပြေဟန်ပြသည်။ ဆယ်ရင်သည် ဦးမြမောင်အား နဂိုကတည်းက ရင်းရင်းနှီးနှီးရှိခဲ့သည်။ သူ၏ ထန်းပိုင်ရှင် ဦးမြို့ထံသို့သွားရင်း ဦးမြို့တို့အိမ်တွင် ဦးမြမောင်နှင့် မကြာခဏ တွေ့ရတတ်ကာ ရင်းနှီးစွာ စကားပြောဖူးသည်။

"ဦးလေးက ဆိုတယ်။ ထန်းပင်တွေကို ဘိုးဘွားတွေ စိုက်ခဲ့တာပါ၊ အရင်းအနှီးမတည်ပြီး အပေါင်ခံခဲ့တာပါ၊ ဝယ်ခဲ့တာပါလို့ ဆိုတယ်။ ဒါကို ကျုပ် မငြင်းပါဘူး။ ဒါပေမဲ့ ပထမမူရင်းအခြေခံ ဇာစ်မြစ်အကြောင်းတရားကို စဉ်းစားလိုက်ရင် စောစောက ကျုပ်ပြောခဲ့သလို ထန်းပင်တွေဟာ လူတွေအတွက် အသုံးဝင်လာမှန်း၊ အကျိုးပြုလာမှန်း သိလာတဲ့ အခါကျတော့ မျိုးစေ့တွေကို လူနဲ့နီးနီးမှာ ရွှေ့ပြောင်းစိုက်ကြတယ်။ စိုက်တဲ့အခါမှာလည်း တခြားသစ်ပင်မျိုးတွေလို လူက ဂရုတစိုက် ပြုစုပေးနေရတဲ့အပင်မျိုး မဟုတ်ပါဘူး။ တစ်ထွာ တစ်မိုက်လောက် မြေကြီးထဲတူးပြီး မြှုပ်ထားလိုက်ရုံနဲ့ပဲ ကြီးထွားလာတတ်ပြီး သီးခိုင်၊ နို့ခိုင်တွေ ထွက်လာတတ်တဲ့သစ်ပင်မျိုးပါ။ မြေတောင်မြှောက်စရာလည်းမလိုဘူး။ ပေါင်းသင်စရာလည်းမလိုဘူး။ ရေ မိုး သင့်တင့်ရုံ ရရုံနဲ့ သဘာဝအလျောက် ကြီးထွားလာတတ်တဲ့အပင်မျိုးပါ။ ဒီတော့ ဒီလောက် စိုက်ပျိုးပေးရုံလေးနဲ့ တန်ဖိုးရှိလာပြီလား"

ဆယ်ရင်က သူ့စကားကိုဖြတ်ကာ ဦးမြမောင်အား စူးစိုက်၍ကြည့်ရင်း မေးသလိုနှင့် အကဲခတ်နေလိုက်၏။ ပြီးမှ ဆက်လက်၍-

"တန်ဖိုးမရှိသေးပါဘူး။ တကယ်တမ်းတန်ဖိုးရှိဖို့ အရင်းခံတာက ထန်းတွေ သန်လာပြီး ထန်းရည်ထွက်ကောင်းအောင် ထန်းအောက်မြေကို ထွန်ယက်စိုက်ပျိုးပေးနိုင်မှ၊ ဒီထန်းပင်တွေကိုတက်ပြီး အရွက်အလက်တွေကို ခုတ်ယူနိုင်ပါမှ၊ သီးခိုင် နို့ခိုင်တွေက အရည်တွေကို လှီးဖြတ်ခံယူ ကျိုချက်နိုင်ပါမှ ဒီထန်းပင်တွေဟာ စောစောက ကျွန်းပင်ဥပမာလို လုပ်အားတွေရဲ့ စွမ်းဆောင်ချက် ရင်းနှီးမှုအရ တန်ဖိုးရှိလာတာ မဟုတ်လား။ တကယ်လို့သာ ကျုပ်တို့ ထန်းတက်သမားတွေက တက်ပြီး လှီးဖြတ်ခံယူ ကျိုချက်မပေးရင်၊ လုပ်ငန်းခွင်မှာလိုအပ်တဲ့ ကိရိယာ တန်ဆာဖိုးငွေပါမစိုက်ထုတ်ရင် ဒီထန်းပင်တွေဟာ ဘယ်ကလာပြီး တန်ဖိုးရှိလာပေါ့မလဲ။ တောထဲမှာ အလေ့ကျပေါက်နေတဲ့ သစ်ပင်တွေလိုပဲရှိမှာပေါ့"

ဆယ်ရင်၏ လေးနက်သောစကားများကြောင့် အနီးရှိလူများမှာ အတော်ပင် စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။ ဦးမြမောင်ကမူ ဘာမဟုတ်သည့် ထန်းသမားက သူ့အား ကတ်ဖွဲ့ပြောနေသည်ဟူသော အယူအဆဖြင့် မထီလေးစား ခပ်မဲ့မဲ့ပြုံး၍ အရေးမစိုက်သလို နားထောင်နေသည်။ ဆေးလိပ်ကြီးကိုသာ မီးရဲခနဲ ရဲခနဲနေအောင် ဖွာနေသည်။

အဲသလိုနဲ့ အစတုန်းက ကျုပ်တို့ ဘိုးဘွား ထန်းသမားတွေကိုယ်တိုင်စိုက်ခဲ့တဲ့ ပိုင်ဆိုင်ခဲ့တဲ့ ထန်းပင်တွေဟာ စီးပွားရေးကျပ်တည်းမှု အမျိုးမျိုးကြောင့် ဦးလေးတို့လို ငွေကြေးရှင် ထန်းပိုင်ရှင်တွေလက်ထဲမှာ ပေါင်နှံလို့ ဆုံးတာတစ်မျိုး၊ ကြွေးသိမ်းခံရလို့ ဆုံးတာကတစ်မျိုးနဲ့ လုံးပါးပါးပြီး လက်လွတ်ဖြစ်ကုန်ရတာမဟုတ်လား။ တကယ်တော့ ဦးလေးတို့လက်ထဲက ထန်းတောတွေဟာ ကျုပ်တို့ ဘိုးဘွားပိုင် ထန်းတွေပါ။

"တခြားဟာမကြည့်နဲ့၊ ခု ကျုပ်တက်နေတဲ့ ထန်းတောဟာလည်း အစက ကျုပ်တို့ပိုင် ထန်းတောပဲမဟုတ်လား။ ကျုပ်တို့အဖေဆုံးတုန်းက မမာစဉ် အကြွေးတွေဆပ်ဖို့ ဦးမြို့တို့ဆီမှာ ပေါင်နှံလိုက်ရတာမဟုတ်လား။ နောက်ပြီးတော့ ဦးလေးတို့လက်ထဲရောက်နေတဲ့ အခု ဦးလေးခတက်နေတဲ့ ထန်းတောဟာကော အစက ဖိုးအေးဆွေတို့ ဘိုးဘွားပိုင် ထန်းတောပဲမဟုတ်လား။ အခု ကျုပ်တို့က ထန်းစုမပေးဘဲ နေလိုက်တာဟာ တကယ်တော့ ကျုပ်တို့ဘိုးဘွားပိုင် ထန်းတွေကို ကျုပ်တို့ဟာကျုပ်တို့ ပြန်ယူတာပါ။ တကယ်တမ်းတွက်ကြည့်ရင် နှစ်များစွာ ထန်းစုတွေယူခဲ့လို့ ပေါင်ကြေးငွေဟာ တကယ်တော့ အရင်းကျေနေလောက်ပါပြီဗျာ"

"ဟ ဆယ်ရင်ရ၊ ဒါကိုပြောစရာမလိုပါဘူး။ တို့ရဲ့ နောက်နောက်တုန်းက လှူခဲ့ တန်းခဲ့တဲ့ ဒါနမျိုးစေ့ ကုသိုလ်ကံ ပါရမီအဟုန်ကြောင့် ဒီဘဝမှာ အကျိုးပေးရတာပါ။ မင်းတို့က ဒါနမျိုးစေ့ နည်းခဲ့တာကိုးကွ"

ဦးမြမောင်သည် ဘာသာရေးကို ဆွဲသွင်းလာကာ ဘာသာရေးဖြင့် ကိုင်ပေါက်လာသည်။

"ဦးလေးဟာ လောကီရေးထဲမှာ ဘာသာရေးကို ဆွဲသွင်းလာတာတော့ မတော်ဘူးလို့ ထင်တယ် ဦးလေး။ လောကီအရေးကို လောကီအမြင်နဲ့ မြင်စေချင်တယ်။ ဘာသာရေးအမြင်နဲ့ ရောထွေးပြီး မမြင်စေချင်ဘူး။ အမှန်က လောကီအရေးဖြစ်တဲ့ လူနေမှု၊ လူမှုဆက်ဆံရေးစနစ်ကြောင့်ပါ ဆိုတာကို ခွဲခြားမြင်စေချင်တယ်။ ကွဲပြားသွားအောင်လည်း ကြည့်စေချင်တယ်"

"ဘာလဲကွ၊ မင်းက ခေနရှင်စနစ်ကြောင့်ပါလို့ ပြောဦးမလို့လား။ ဒီမှာဟေ့ ဘာမှမပြောနဲ့။ မရှိလို့မလှူ၊ မလှူလို့မရှိ ဆိုတာလို လှူဒါန်းပေးကမ်းခြင်း ဒါနကုသိုလ်ကောင်းမှုမရှိရင် ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူးဆိုတာမှတ်"

"ဒါနကုသိုလ်ကောင်းမှုကြောင့် မဟုတ်ပါဘူး ဦးလေး။ အမြတ်ကြီးစား ကုန်သည်ပွဲစားတွေ ဈေးနှိမ်ဝယ်မှု၊ ထန်းပိုင်ရှင်တွေရဲ့ ငွေတိုးကြီးမှု၊ ကိရိယာဖိုး ထုတ်မပေးဘဲ ထန်းစုများများယူမှုကြောင့်ပါ"

"ဘယ်ဟုတ်ရမှာလဲကွ။ မင်းတို့ ငွေပြန်မဆပ်နိုင်လို့၊ မင်းတို့ ဆင်းရဲဇာတာပါလို့၊ နောက်နောက်က ဒါနကုသိုလ်မရှိခဲ့လို့ ဒီဘဝမှာ ဆင်းရဲရတာကိုများ သူများ လွှဲမချပါနဲ့ကွာ။ ဘယ့်နှယ် မဆိုင်တာ"

ဆယ်ရင်က မှန်မှန်အေးအေးဖြင့် ပြောသော်လည်း ဦးမြမောင်ကမူ ခေါင်းရော ကိုယ်ပါ ခါယမ်း၍ တစ်ယူသန် ငြင်းခုံလာသည်။ တစ်ခါတစ်ခါ ဒေါသသံဖြင့် ရှူးရှူးရှားရှားလည်း ဖြစ်လာသည်။

"ဦးလေးက ဒီကုသိုလ်ကောင်းမှုကံကိုပဲ ခဏခဏပြောနေတာကိုး။ ကဲ ဒါဖြင့်ရင်လယ်သမားတစ်ယောက်ဟာ ချစ်တီး ကုလားတစ်ယောက် ဆီမှာ လယ်အတွက် စရိတ်စကလိုလို့ ငွေချေးတယ်၊ လယ်လုပ်တယ်။ ဒါပေမဲ့ သဘာဝတရားကြောင့် ရေကြီးလို့ လယ်ပျက်တယ်။ ပိုးကျလို့ စပါးမအောင်ဘူး။ ဒါကြောင့် စပါးအထွက်နည်းတယ်၊ တစ်ခါ အမြတ် ကြီးစားစနစ်နဲ့ ကုန်သည်ကြီးတွေရဲ့ ဈေးနှိမ်ဝယ်ခြင်း ခံရတယ်။ ပြီးတော့ စပါးပွဲစားတွေရဲ့ ခေါင်းပုံဖြတ် ခံရတယ်။ ဒီတော့ ရလာတဲ့စပါးနဲ့ ရောင်းလို့ရတဲ့ ငွေနဲ့ မမျှတလို့ ကြွေးကို ပြန်မဆပ်နိုင်ဘူး။ အတိုးတက်တယ်။ ဒီလိုနဲ့ လယ်သမားခမျာ ကြွေးဆပ်ဖို့ လုပ်ရင်းနဲ့ အတိုး သာ တစ်နှစ်ပြီးတစ်နှစ် ဆတက်ထမ်းပိုး တက်လာပြီး နောက်ဆုံးတော့ လယ်ကိုချစ်တီးလက်ထဲ ထိုးအပ်လိုက်ရတယ်။ ကဲ ဒါဟာ ..."

ဆယ်ရင်သည် သူ့စကားကိုဖြတ်လိုက်ပြီးလျှင် ဦးမြမောင်အား စူးစိုက်ကြည့်လိုက်သည်။ ဦးမြမောင်က သူ့အား မျက်စောင်းကြီး ထိုးကြည့်နေသည်။ သို့သော် ဆယ်ရင်က ဆက်ကာ -

"ကဲ ဒါဟာ ချစ်တီးကုလားကြီးရဲ့ နောက်နောက်က လှူခဲ့ တန်းခဲ့တဲ့၊ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ သိမ်ဒါယကာ၊ ဇရပ်ဒါယကာကြီး ဖြစ်ခဲ့လို့များ နောက်ဘဝက ဒါနကုသိုလ် မျိုးဆက်ကြောင့် ခုဘဝမှာ ချစ်တီးကုလားကြီးဖြစ်ပြီး လယ်ပိုင်ရှင်ကြီးဖြစ်သွားတာလား။ ကျွဲနဲ့ နွားနဲ့ဖက်ပြီး တကယ်အလုပ်လုပ်တဲ့ လယ်သမားတွေမှာတော့ ဒါနမျိုးစေ့နည်းခဲ့လို့ ခုဘဝမှာ ခေါင်းပုံဖြတ်ခံ၊ သွေးစုပ်ခံ၊ ခြယ်လှယ်ခံ၊ ဖိနှိပ်ခံဖြစ်ရပြီး မွဲသွားရတာပဲလား"

ဆယ်ရင်က စိတ်ပေါက်ပေါက်နှင့် ငေါ့၍ ပြောပစ်လိုက်သည်။

ဦးမြမောင်ကမူ မည်သို့မျှပြန်မပြောပေ။ မျက်နှာကြီးကိုသာ ခပ်တည်တည်လုပ်ထားသည်။ အနီးရှိလူများသည် ကား ဆယ်ရင့်စကားများကို စဉ်းစားနေဟန်ရှိကြသည်။ တချို့ကမူ သဘောကျဟန်ဖြင့် တခစ်ခစ် ရယ်မောနေကြသည်။

ဆယ်ရင်သည် အားလုံးအား အကဲခတ်၍ ကြည့်လိုက်သည်။ ပြီးမှ ဆက်လက်၍ စိတ်အားထက်သန်စွာဖြင့် –

"ချစ်တီး ကုလားကြီး လှူခဲ့တန်းခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် မဟုတ်ပါဘူး။ ငွေတွေကို အတိုးကြီးကြီးနဲ့ ချေးလို့၊ နှစ်ထပ်တိုးငွေပါယူလို့၊ လယ်ကို အဓမ္မကြွေးနဲ့သိမ်းလို့၊ နောက်ပြီး ကုန်သည်ကြီးတွေကလည်း အမြတ်ကြီးစားစနစ်နဲ့ ဈေးနှိမ်ဝယ်လို့၊ စပါးပွဲစားတွေကလည်း ခေါင်းပုံဖြတ်လို့ လယ်သမားတွေ မွဲသွားပြီး ချစ်တီးကုလားကြီးတွေ ချမ်းသာသွားရတာ။ အဲသလိုပဲ ကျုပ်တို့ထန်းသမားတွေမှာလည်း ထန်းတောတွေ လက်လွတ်ဖြစ်ပြီး မွဲသွားရတာဟာ ဦးလေးတို့လို ထန်းပိုင်ရှင်တွေရဲ့ အတိုးကြီးစားစနစ်၊ အချောင်ယူ ခေါင်းပုံဖြတ် ..."

"ဘာကွ၊ မင်းက ငါ့ကို အချောင်ယူ ခေါင်းပုံဖြတ်သလေး ဘာလေးနဲ့ "

ဆယ်ရင်သည် သူ့စကားကိုဆုံးအောင် မပြောလိုက်ရပေ။ ဦးမြမောင်က ဒေါသတကြီးနှင့် လှမ်းအော်လိုက်သည်။ ဦးမြမောင်၏မျက်လုံးများသည် ဝင်းဝင်းတောက်နေသည်။ ဆယ်ရင်ကလည်း သူ့စကား မဆုံးတတ်သေး၍လားမသိ၊ အားကျမခံ ထပ်၍ တွန့်လိုက်ပြန်သည်။

"ဟုတ်တယ်လေ။ ကျုပ်ပြောတာ ဦးလေးတို့လို ထန်းပိုင်ရှင်တွေဟာ အရင်းရှင် စီးပွားရေးစနစ်နဲ့ မတရားအတိုးကြီးယူ၊ ဘာမှလည်းမလုပ်၊ ဘာမှလည်း အရင်းအနှီးမစိုက်ဘဲ အချောင် ခေါင်းပုံဖြတ်ယူနေ..."

"ကဲကွာ"

ထိုအသံနှင့်အတူ ဦးမြမောင်၏ သောက်လက်စ ဆေးလိပ်တိုကြီးသည် ဆယ်ရင်၏ရင်ဘတ်သို့ ရုတ်တရက် လာမှန်လိုက်ရာ မီးဖွားခနဲဖြစ်သွားသည်။ ဦးမြမောင်သည် အံကြီးကြိတ်၍ ဒေါသခက်ထန်နေသောအမူအရာဖြင့် မျက်လုံးကြီးများပြူးကာ ဆယ်ရင်ကို စူးစူးဝါးဝါး လှမ်းကြည့်နေသည်။ အသားများ ဆတ်ဆတ် တုန်လာသည့်တိုင်အောင် စိတ်ဆိုးလာသည်ကို တွေ့ရသည်။

ဆယ်ရင်မှာ ကိုယ်ထိလက်ရောက် အစော်ကားခံလိုက်ရသောအခါ လူငယ်ပီပီ ဒေါသဟုန်းခနဲထလာသည်။ စိတ်ရိုင်းများလည်း ဝင်လာသည်။ ထို့ကြောင့်လည်း နေရာမှ ရုတ်ခြည်း ထလိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**❛ကျုပ်တို့ဘိုးဘွား ထန်းသမားတွေကိုယ်တိုင်စိုက်ခဲ့တဲ့ ပိုင်ဆိုင်ခဲ့တဲ့ ထန်းပင်တွေဟာ စီးပွားရေးကျပ်တည်းမှုအမျိုးမျိုးကြောင့် ဦးလေးတို့လို ငွေကြေးရှင် ထန်းပိုင်ရှင်တွေလက်ထဲမှာ ပေါင်နှံလို့ ဆုံးတာတစ်မျိုး၊ ကြွေးသိမ်းခံရလို့ ဆုံးတာကတစ်မျိုးနဲ့ လုံးပါးပါးပြီး လက်လွတ်ဖြစ်ကုန်ရတာမဟုတ်လား။ တကယ်တော့ ဦးလေးတို့လက်ထဲက ထန်းတောတွေဟာ ကျုပ်တို့ ဘိုးဘွားပိုင်ထန်းတွေပါ။ "တခြားဟာမကြည့်နဲ့၊ ခု ကျုပ်တက်နေတဲ့ထန်းတောဟာလည်း အစက ကျုပ်တို့ပိုင် ထန်းတောပဲမဟုတ်လား။ ကျုပ်တို့အဖေဆုံးတုန်းက မမာစဉ် အကြွေးတွေဆပ်ဖို့ . . .❜**

# ဟယ်ရီကိန်းရဲ့ ဟက်ထရစ်သွင်းဂိုးအပါအဝင် ဒေါ့မွန်ကို လေးဂိုးပြတ်အနိုင်ရခဲ့တဲ့ ဘိုင်ယန်မြူးနစ်

ဒေါ့မွန်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ နိုဝင်ဘာ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၁၀)မှာ ဘိုင်ယန်မြူးနစ် အသင်းဟာ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ဟက်ထရစ် သွင်းဂိုးအပါအဝင် ဒေါ့မွန်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် လေးမိနစ်မှာ အက်ပါမီကာနိုက တစ်ဂိုး၊ ပွဲကစားချိန် ကိုးမိနစ်၊ ၇၂ မိနစ်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို သုံးမိနစ်တို့မှာ တိုက်စစ်မှူး ဟယ်ရီကိန်းက သုံးဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ပထမပိုင်း ၁၀ မိနစ်အတွင်း နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့တဲ့ ဘိုင်ယန်မြူးနစ် အသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါ ဖလားကို ၁၂ နှစ်ဆက်တိုက် ရယူနိုင်ဖို့ မျှော်လင့်ထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းမှ ဘိုင်ယန်မြူးနစ် အသင်းသို့ ပြောင်းရွှေ့ လာခဲ့ပြီးနောက် ဘွန်ဒက်လီဂါပွဲစဉ် ၁၀ ပွဲမှာ သွင်းဂိုး ၁၅ ဂိုးအထိ ရှိလာခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွင်း ဘိုင်ယန်မြူးနစ်အသင်း၊ အင်္ဂလန်အသင်းတို့နဲ့ အတူ သွင်းဂိုး ၁၉ ဂိုးအထိလည်းရှိလာခဲ့ပြီဖြစ်ပါတယ်။

သောမက်တူချယ်ရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ဒေါ့မွန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဟော်ဖန်ဟိမ်းအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ အမှတ်ပေးဇယားထိပ်ဆုံးက လေဗာကူဆင်အသင်းရဲ့အောက် အဆင့်(၂) နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒေါ့မွန် အသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ဘွန်ဒက်လီဂါပွဲစဉ် ၁၀ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ရပ်တည်လျက်ရှိတာ ဖြစ်ပါတယ်။ အခြားသော ဘွန်ဒက်လီဂါပွဲစဉ်တွေမှာတော့ မိန့်ဇ်အသင်းက လိုက်ပ်ဇစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖရန့်ဖက်အသင်းက ယူနီယံဘာလင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဖရိုင်းဘက်အသင်းနဲ့ မိုချန်ဂလာဘတ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်သုံးဂိုးစီ၊ ကိုလုံအသင်းနဲ့ အော့စ်ဘတ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် အသီးသီး ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။






# အက်စ်တွန်ဗီလာအသင်းရဲ့ ဝင်ငွေအမြင့်ဆုံး ကစားသမားဖြစ်လာတဲ့ ဝက်ကင်

အသက် ၂၇ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဝက်ကင်ဟာ အောက်တိုဘာလအတွင်းက တစ်ပတ်လုပ်ခလစာပေါင် ၁၅၀၀၀၀ နဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပြီးနောက် အက်စ်တွန်ဗီလာအသင်းရဲ့ ဝင်ငွေအမြင့်ဆုံးကစားသမားတစ်ဦး ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ဝက်ကင်ဟာ စာချုပ်သစ်ချုပ်ဆိုခဲ့တာကြောင့် အက်စ်တွန်ဗီလာအသင်းမှာ ၂၀၂၈ ခုနှစ်အထိ ဆက်ရှိနေတော့မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တိုက်စစ်မှူး ဝက်ကင်အား အာဆင်နယ်အသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဝက်ကင်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက ဘရန်းဖို့ဒ်အသင်းကနေ အက်စ်တွန်ဗီလာအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ် ၁၆ ပွဲယှဉ်ပြိုင်ကစားပေးထားကာ သွင်းဂိုး ကိုးဂိုးနဲ့ ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်ထားသူလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဝက်ကင်ဟာ အောက်တိုဘာလအတွင်းက ဩစတြေးလျအသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ ကနေဒါ ဘယ်နောက်ခံကစားသမား အယ်လ်ဖွန်ဆို ဒေးဗီးစ်ကို ခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။
- ဂျူဗင်တပ်အသင်းဟာ ဘုန်းမောက်အသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ အင်္ဂလန်နောက်တန်းကစားသမား အယ်လ်လွိုက်ကီလီကို ခေါ်ယူရေး အေစီမီလန်အသင်းနဲ့အပြိုင် ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ မန်ယူအသင်းမှ အသက် ၁၈ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ကော့ဘီးမိုင်နူးကို ခေါ်ယူရန် ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ကင်မစ်ချ်ကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။

# အာဆင်နယ်အသင်းရဲ့ ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်စေခဲ့တဲ့ နယူးကာဆယ်

နယူးကာဆယ်အသင်းဟာ အာဆင်နယ်အသင်းရဲ့ အခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်စေခဲ့ပြီဖြစ်ပါတယ်။ နယူးကာဆယ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၁)အဖြစ် နိုဝင်ဘာ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာမှာ နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ အန်သိုနီဂျော်ဒန်က သွင်းယူပေးခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နယူးကာဆယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲကစားပြီးချိန်မှာ ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယားအဆင့်(၆)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ယခုပရီမီယာလိဂ်ရာသီမှာ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ရပြီး လက်ရှိအချိန်မှာ ၁၁ ပွဲကစား ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၂၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ အခုဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ ရလဒ်ကောင်းတွေ ဆောင်ကြဉ်းထားနိုင်ခဲ့ပြီး ကာရာဘောင်ဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့် ရရှိထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။

# လေဗာကူဆင်တိုက်စစ်မှူး ဖလော်ရီယန်ဝါ့ဇ်ကို ခေါ်ယူရန် လီဗာပူးအသင်း ပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းမှ အသက် ၂၀ အရွယ်ရှိ တိုက်စစ်မှူး ဖလော်ရီယန်ဝါ့ဇ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။

လက်ရှိအချိန်မှာ တိုက်စစ်မှူး ဖလော်ရီယန်ဝါ့ဇ်အား မန်စီးတီးအသင်း၊ ဘိုင်ဘန်မြူးနစ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့အပါအဝင် ဥရောပထိပ်တန်းကလပ်အသင်းတွေက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

လေဗာကူဆင်အသင်းအနေနဲ့ တိုက်စစ်မှူး ဖလော်ရီယန်ဝါ့ဇ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ သတ်မှတ်ထားတယ်လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့ နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက အသင်းအတွက် အားထားရတဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာ ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့မည်ဟု သတင်းတွေ ထွက်ပေါ်ခဲ့တာကြောင့် လီဗာပူးအသင်းနည်းပြ ကလော့ပ်ဟာ တိုက်စစ်မှူး ဖလော်ရီယန်ဝါ့ဇ်ကို အစားထိုးကစားသမားအဖြစ်ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လက်ရှိအချိန်မှာ လီဗာပူးအသင်းကနေ ထွက်ခွာခြင်းမရှိသေးပေမယ့် လာမယ့်နှစ် ဇွန်လမှာတော့ အန်ဖီးလ်ကနေ ထွက်ခွာဖို့ ရာနှုန်းများနေတာဖြစ်ပါတယ်။ လီဗာပူးအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဖလော်ရီယန်ဝါ့ဇ်ဟာ အခုဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုး ငါးဂိုး သွင်းယူထားတာဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်




❍ ကျောဖုံးမှ

ဖန္ဒမ်းပင်ခရောင်းအသင်းက ကိုးမှတ်၊ ညြစတြေးလျကလပ် မက်ကာသာအသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းက သုံးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့အဝေးကွင်းပွဲတွင် ဆီဘူးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–SUFC

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကံရိုး ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၈၅၈)၊ ကွင်းအမှတ်(၅၃၅) (က)/လယ်ကျော်တင်အတွင်း၊ မြေဧရိယာ(၀.၄၁)ဧက အနက်မှ အလျား ၁၂၀ပေ အနံအရှိ (၀.၁၆ )ဧကရှိ ဦးသောင်းမြင့် အမည်ပေါက် မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးအောင်မှ (၄–၉–၂၀၂၃)ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ကျေးရွာလူကြီးနှင့် အသိသက်သေများ ရှေ့မှောက်တွင် ငွေအပြည့်အဝ ပေးချေဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို ဦးဌေးအောင်မှ တရားဝင်ပိုင်ဆိုင်ပါကြောင်းနှင့် ယင်းမြေကွက်နှင့် ပတ်သက်သည့် ဌာနဆိုင်ရာ ကိစ္စအဝဝများ ဆက်လက် စီစဉ်ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက်နှင့် ပတ်သက်သည့် ဌာနဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲဆုဝင်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ် –၅၂၈၁၄)**
**အမှတ်–၃၃(ခ)၊ အောင်သုခလမ်း၊ အောင်ချမ်းသာရပ်ကွက်၊**
**ဒေါပုံမြို့နယ်။ ဖုန်း–၀၉–၇၇၇၇၁၇၉၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၄၆၊ မြေကွက်အမှတ်–၁၄၃၊ မြေကွက်တည်နေရာအမှတ်–(၁၄၃)၊ ရတနာသုခ(၁)လမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝင်းစိန် အမည်ပေါက် ပါမစ်မြေအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ(၂၆–၃–၉၀)တွင် ထုတ်ပေးထားသော အမည်ပေါက် ဦးဝင်းစိန်ထံမှ အရောင်းအဝယ်အရပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူသူ ဦးနိုင်ဝင်းအောင်[၁၂/မဂတ(နိုင်)၀၉၁၅၅၀]မှ ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မိသားစုဓာတ်ပုံ(မပါ)၊ မှီခိုသူများစာရင်း(မပါ)၊ အရောင်းအဝယ် စာချုပ်နိုင်/ကတ်တို့ တင်ပြ၍ ပါမစ်(မစုံ)ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ပါမစ်မူရင်း၌ အမည်ပေါက်၏ ဓာတ်ပုံမူရင်းမှာ မိမိဝယ်ယူစဉ်ကပင် မပါရှိခဲ့ခြင်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း၊ ပိုင်ဆိုင်မှုအထောက်အထားများလည်း မိမိလက်ဝယ်တွင်ရှိပါကြောင်း ပါမစ်၌ ဓာတ်ပုံမပါရှိခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ အဆိုပါ မြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ စွန့်လွှတ်၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်(မစုံ)ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် အဆောက်အဦးမရှိ၊ ကိုယ်တိုင်မနေ၊ Chain+ကျောက်တိုင်ခြံစည်းရိုးကာရံထားပြီး ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း ကွင်းဆင်းပုံစံပေါ်တွင် လက်မှတ်ရေးထိုးပြီး မြေပြင်တွင်(၃၉' ၆" x ၆၀')ရှိသဖြင့် မြေပြင်အရှိအတိုင်းသာ လက်ခံရယူမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသဖြင့် ပါမစ်(မစုံ)ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ် (4E+4B၊၃)၊ Block No–7၊ ကားပါကင် Basement (၂)ထပ် အပါအဝင် (၃၄)ထပ် RC တိုက်မှ (၁၉)လွှာ၊ အခန်းအမှတ် (၁၉–၀၅)၊ GOLDEN CITY CONDOMINIUM၊ ဧရိယာ(၅၁၇.၇၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်လွင် [၁၃/မကန(နိုင်)၀၂၃၂၁၄] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်အိမ့်သန္တာအောင် [၁၂/ကမတ(နိုင်)၀၆၄၁၈၁]နှင့် ဦးအောင်ရဲပိုင်[၁၂/တမန(နိုင်)၁၀၃၈၃၆]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမ့်သန္တာအောင်နှင့် ဦးအောင်ရဲပိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၆၅)** |
| **ဖုန်း–၀၉–၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ် (ခ/၄၀)၊ ဧရိယာ (၁၂၅၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၁၄)၊ ယုဇနလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်သိန်းအေး(၁၂/ဒပန(နိုင်)၀၃၁၁၅၁)၊ ဒေါ်ရင်မြိုင်(၁၂/လသန(နိုင်)၀၀၈၂၄၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သိန်းအေး(၁၂/ဒပန(နိုင်)၀၃၁၁၅၁) (မိခင်)သည် (၁၅–၅–၂၀၀၄) ရက်နေ့တွင်လည်းကောင်း၊ ဦးကြည်(ဖခင်)သည် (၂၁–၇–၁၉၉၈)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားဖြစ်သူ ဦးစိန်လှ (၁၂/ဒပန(နိုင်)၀၃၂၀၀၂)မှ ကျန်အမည် ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရင်မြိုင်(၁၂/လသန(နိုင်)၀၀၈၂၄၀)နှင့် ပူးတွဲ၍ တစ်ဦးတည်းသော သားဖြစ်ကြောင်း၊ အခြားသော သားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်း လုံးဝမရှိကြောင်း၊ ကွယ်လွန်သူ မိဘများနှင့် မိမိသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ မိဘနှစ်ပါးကွယ်လွန်ကြပြီးနောက် အထက်ဖော်ပြပါ ဒေါ်သိန်းအေး၊ ဒေါ်ရင်မြိုင်အမည်ဖြင့် ပူးတွဲအမည်ပေါက်သော မြေကွက်၏ ကွယ်လွန်သူ မိခင်ဒေါ်သိန်းအေးပိုင်ဆိုင်သော အစု၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျစ်ရစ်သူတစ်ဦးတည်းသော သားအရင်းဖြစ်သည့် ကျွန်တော် ဦးစိန်လှတစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀)ဂရန်မူရင်း၊ ဒေါ်သိန်းအေး၊ ဦးကြည်တို့၏ သေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူ မည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့ အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန်စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင် သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်

အမိ ဒေါ်အေး၏ သား အသက်(၃၀)နှစ်ရှိ နိုင်ငံသားအမှတ် [၁၂/ကတတ(နိုင်)၀၃၀၄၄၁]ကိုင်ဆောင်သော မောင်သူရလွင်သည် မိခင်ဖြစ်သော ကျွန်မ ဒေါ်အေး၏ ဆိုဆုံးမမှုကို မနာယူဘဲ လွန်ခဲ့သော (၃)နှစ်ခန့်ကတည်းက နေအိမ်မှဆင်းသွားပြီး အဆက်အသွယ် လုံးဝမလုပ်သူဖြစ်ပါ၍ ၎င်းအား သားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိခင် ဒေါ်အေး**
**[၁၂/ကတတ(နိုင်)၀၁၆၀၆၇]**
**အမှတ်–၂၄၁၊ မြေညီထပ်၊ (၃၇)လမ်း၊ (၅)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်။**

## စစ်တွေ-ဝါဘိုကျေးရွာချင်းဆက်လမ်း ဝါဘိုချောင်းကူးတံတား တည်ဆောက်နေမှု ကွင်းဆင်းကြည့်ရှု

**စစ်တွေ နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စစ်တွေ–ဝါဘို ကျေးရွာချင်းဆက်လမ်း ဝါဘိုချောင်းကူးတံတား တည်ဆောက်နေမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမြင့်ဟန်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ချောင်းကူးတံတားမှာ အလျား ပေ ၄၇၀ ကိုးလက်မ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀၀ ဖြင့် တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး အဆိုပါတံတားရာနှုန်းပြည့်တည်ဆောက်ပြီးစီးပါက ကျေးလက်နေပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။




**ပြည်နယ်(ပြန်/ဆက်)**

## ရသေ့တောင်မြို့နယ်၌ မိုခါမုန်တိုင်းသင့် တောင်သူများအတွက် နိုင်ငံတော်က ထောက်ပံ့ခဲ့သည့် မျိုးစပါးများ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ရသေ့တောင် နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် မျိုးစပါးများအတွက် နိုင်ငံတော်ကထောက်ပံ့ပေးခဲ့သည့် GW–11၊ နံ့ကောက်၊ ကြားပျံ၊ ပေါ်ဆန်းရင် မျိုးစပါးများကို စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရသေ့တောင်မြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၇၈၀၆၂ ဧက ရှိပြီး မိုခါမုန်တိုင်းကြောင့် ဒေသခံတောင်သူများတွင် သိုလှောင်ထားသည့် မြို့နယ်မိုးစပါး စိုက်ဧက၏ ၆၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးနိုင်သော မျိုးစပါးများ ပျက်စီးခဲ့ကြောင်း သိရသည်။

မုန်တိုင်းလွန်ကာလများ၌ ရသေ့တောင်မြို့နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများဝင်ငွေ တိုးတက်လာစေရေးအတွက် နိုင်ငံတော်က မျိုးကောင်းမျိုးသန့် စပါး လေးမျိုး တင်းပေါင်း ၅၄၀၁၃ တင်း ကို ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာအုပ်စု ၈၄ အုပ်စုရှိ တောင်သူ ၈၇၈၁ ဦးတို့က စိုက်ဧက ၄၃၂၀၈ ဧက ကိုစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ရသေ့တောင်မြို့နယ်တွင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါးလျာထား ဧက ၇၈၀၆၂ ဧကကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလင်းကျော် (ပြန်/ဆက်)**

❂ အင်တာနေရှင်နယ်မှ

"ကရာတေးပြိုင်ပွဲက ၁၈ နှစ်အထက်ပြိုင်ပွဲပါ။ ဒီ သက်ငယ်တန်းကနေနိုင်သွားတဲ့ ကစားသမားလေးတွေက ဂျပန်မှာ ပြိုင်ပွဲဝင်ဖို့ ပြင်ဆင်နေတယ်။ ဒီထဲက နိုင်တဲ့သူ တွေထဲက သွားရောက်ယှဉ်ပြိုင်ဖို့ ပြင်ဆင်ထားပါတယ် " ဟု IKO Myanmar ဥက္ကဋ္ဌ Shinhan ဦးမင်းလွင်က ပြောသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ IKO ကရာတေးပြိုင်ပွဲကို ၁၉၈၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၀၈ ခုနှစ်အထိ ကျင်းပခဲ့ပြီးနောက် ကာလအတန်သင့် ရပ်နားထားရာမှ ၂၀၂၃ ခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထက်**

## “အထူးဝမ်းနည်းကြေကွဲခြင်း”
## ဒေါ်စန်းကြည်
## အသက်(၈၁)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (မမ-၁၁/၈၄)နေ (ဦးလှကြည်)၏ဇနီး၊ မန္တလေးတိုင်းအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူရ၏ ချစ်လှစွာသော မွေးမိခင်ဖြစ်သူ ဒေါ်စန်းကြည် အသက်(၈၁)နှစ်သည် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) ၄-၁၁-၂၀၂၃ (စနေနေ့) ညနေ ၃ နာရီခန့်တွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးနှမြောကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး**
**ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်**

## “အထူးဝမ်းနည်းကြေကွဲခြင်း”
## ဒေါ်စန်းကြည်
## အသက်(၈၁)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (မမ-၁၁/၈၄)နေ (ဦးလှကြည်)၏ဇနီး၊ မန္တလေးတိုင်းအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူရ၏ချစ်လှစွာသော မွေးမိခင်ဖြစ်သူ ဒေါ်စန်းကြည် အသက်(၈၁)နှစ်သည် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) ၄-၁၁-၂၀၂၃ (စနေနေ့) ညနေ ၃ နာရီခန့်တွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးနှမြောကြေကွဲရပါကြောင်း။

**ဦးကျင်သိန်း**
**တော်ဝင်ထွန်းပဒေသာ**
**ကုန်စည်ပို့ဆောင်ရေး**

## မလှဲ့လှဲ့နွယ်နိုင်(ခ)မရွှေသွန်းရူပါ
## အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၁)၊ ဓမ္မပါလလမ်း၊ ဆရာစံတောင်၊ ဗဟန်းမြို့နယ်နေ (ဦးစိုးလင်း-ဒေါ်ဝါဝါကြည်)၊ (ဦးသန်းလှိုင်)-ဒေါ်ကြူကြူဝင်းတို့၏မြေး၊ (ဦးစိုးဝင်းနိုင်)-ဒေါ်လှိုင်ဝင်းနွယ်တို့၏သမီး၊ ကိုလှိုင်ဝေယံဖြိုး(ခေတ္တ-ဂျပန်)တို့၏ညီမ မလှဲ့လှဲ့နွယ်နိုင်(ခ)ရွှေသွန်းရူပါသည် ၅-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၂:၃၀ နာရီ တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၃ (စနေနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ ဘုရင့်နောင်(၂)လမ်း၊ မြေကွက်အမှတ်(၃၅/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ ပေ)ရှိမြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် ဦးလှထွေး အမည်ပေါက် နှစ်(၆၀)မြေအဖြစ်တည်ရှိပါသည်။ ယင်းမြေကို ကွယ်လွန်သူ ဦးလှထွေး၏သမီးများဖြစ်သော ဒေါ်ညွှန့်ညွှန့်ငွေး၊ ဒေါ်ညွှန့်ညွှန့်စန်း၊ ဒေါ်အုန်းမြင့်တို့က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဦးမိုးမြင့်ဦးက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါရှိပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများပြသ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်နန့်ရှုဂေးခလိန် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅)**
**အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၆၁၃၅၄**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




## ဆရာမ ဒေါ်ပို့ပို့(ခ)ဒေါ်အေးအေးမော်
## မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း
## (ABSA)
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၇၀/၇ လွှာနေ ဦးထွန်းကြည်၏ဇနီး၊ ဦးအောင်ကျော်ဦး-မနှင်းယုနိုင်၊ ဦးမင်းမြတ်သူ၊ မသူဇာလွင်၊ မြေးသုံးယောက်တို့၏အဘွား၊ ဆရာမဒေါ်ပို့ပို့(ခ)ဒေါ်အေးအေးမော်သည် ၅-၁၁-၂၀၂၃ရက်တွင် အာရုတော်ဝင်ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါသဖြင့် ၁၁-၁၁-၂၀၂၃ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစဝ်နော်ဆိုင်
## အသက်(၆၆)နှစ်

လှိုင်လင်မြို့နေ ဦးစဝ်အောင်မိုး-ဒေါ်ငွေစိန်တို့၏သားအငယ်ဆုံး၊ (ဦးရန်ချင်းဖုံ-ဒေါ်ရီဆိုက်တီ)တို့၏ သားသမက်၊ (ဒေါ်စဝ်ဝုံခမ်း)၊ ဒေါ်စဝ်လောဝ်ခမ်း၊ ဦးစဝ်စွမ်ဝိုင်း-ဒေါ်ချိုချိုအေးတို့၏ မောင်အငယ်ဆုံး၊ ဒေါ်လှိုင်လှိုင်မိုး၏ခင်ပွန်း၊ မနန်းခင်မျိုးစစ်၊ မရွှေအိမ်စည်၊ မငွေအိမ်စည်တို့၏ဖခင် ဦးစဝ်နော်ဆိုင် အသက်(၆၆)နှစ်သည် ၅-၁၁-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၄:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၇-၁၁-၂၀၂၃ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုကြွရောက်ပေးပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ တရားတော်နာယူပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၉၊ နန်းသီတာလမ်း၊ မြေကွက်အမှတ်- ၅၄၇(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်လှဝင်း၊ မောင်ဝင်းညွန့် အမည်ပေါက် မြေချပါမစ် ထွက်ရှိထားသော ပါမစ်မြေ အမျိုးအစားမြေကွက်ကြီး အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း အကျယ်ပေ (၁၀x၆၀)ပေ မြေကွက် အစိတ်အပိုင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အစိတ်အပိုင်းအား ပါမစ်အမည်ပေါက် ပိုင်ရှင်ထံမှ (၁၀-၈-၁၉၉၆)ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူ၍ မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဒေါ်တင်ကြည်[၁၂/လမန(နိုင်)၁၂၆၁၇၅]မှ မြေပိုင်ဆိုင်မှုအထောက်အထားအဖြစ် မြေချပါမစ်မိတ္တူဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းမရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုရောင်းချမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဖြိုးဝေထွန်း [၁၃/လရန(နိုင်)၀၀၃၅၃၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဖြိုးဝေထွန်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၃/လရန(နိုင်)၀၀၃၅၃၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၅၄၈(ခ)၊ နန်းသီတာလမ်း၊** | **အမှတ်-၁၁၂။ ဗိုလ်ချုပ်လမ်း၊** |
| **(၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဇေယျာ(၈)လမ်း၊ မြေကွက်အမှတ်(၃၅၅ ၁/၂) ဟု ခေါ်တွင်သည့် မြေအကျယ် အလျား (၆၀)ပေ x အနံ (၂၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်အမှတ်(၃၅၅/ခ) ဟု ခေါ်တွင်သည့် မြေအကျယ် အလျား(၆၀)ပေxအနံ (၂၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဂရန်အမည်ပေါက် ဒေါ်ညွန့်ညွန့် [၁၂/ဥကတ(နိုင်)၀၈၁၈၈၃]က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော အဝယ်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၉၂၆)**
**အခန်း(၃၃)၊ ပထမထပ်၊ STRAND CONDO ၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ဝေ(ခ)ဦးမြင့်ဟန်(ခ)ဦးကြီးရှောင်
## အသက်(၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ (ဦးကျင်မောင်-ဒေါ်ကျင်မေ)တို့၏ သားကြီး၊ ပဲခူးမြို့နေ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ (ဒေါ်မြင့်မြင့်စိန်)၊ (ဦးသိန်းအောင်-ဒေါ်စန်းမြင့်)၊ ဒေါက်တာ ဦးအောင်မြတ် - ဒေါက်တာ ဒေါ်မြင့်မြင့်အေး၊ ဦးအုန်းမြင့် -ဒေါ်ကြင်စန်း၊ (ဦးဆွေလွင်)-ဒေါ်ကြင်ဝင်း၊ ဦးခင်မောင်စန်း-ဒေါ်လှလှမြင့်၊ ဦးစိုးမြင့်၊ ဦးကျော်စိုး-(ဒေါ်မြင့်မြင့်မော်)၊ ဦးရွှေဘော်-ဒေါ်တင်တင်ယု၊ ဦးတင့်နိုင် -ဒေါ်ဆွေဆွေမွန်တို့၏ အစ်ကိုကြီး၊ ဒေါ်သီတာဦး၊ ဒေါက်တာ ဦးအေးလှိုင်- ဒေါက်တာ ဒေါ်ဝါဝါဟန်၊ ဦးကျော်ကျော်-ဒေါ်ခင်စန္ဒာခိုင်၊ (ဦးထွန်းထွန်း)-ဒေါ်သီသီဝင်း၊ ဦးမောင်မောင်မျိုးမြတ်-ဒေါ်ကြူကြူသင်းတို့၏ မွေးသဖခင်၊ မသက်ဆုမွန်၊ ကိုဥက္ကာကျော်-မကေခိုင်ကျော်၊ ကိုဇော်မျိုးသီဟ-မအိရွှေဇင်ဝင်း၊ မပန်းဝတ်ရည်ရွှန်းလက်၊ ကိုခန့်ဇော်ရှိန်း၊ ကိုသန့်ဇော်ဟိန်းတို့၏ အဘိုး၊ မမရိယဇော် ၏ အဘိုးဖြစ်သူသည် ၂-၁၁-၂၀၂၃(ကြာသပတေးနေ့) ညနေ ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁- ၂၀၂၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ရေဝေးဖုကျန့်တရုတ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တိုက်(၁) အခန်း(၁) အာနန္ဒာဘုရားလမ်း၊ ဆ/ခ ရပ်ကွက်၊ သင်္ဃန်းကျွန်းနှင့် T-12 မေခအိမ်ရာ၊ သင်္ဃန်းကျွန်းနေအိမ်များမှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၉ နာရီထိ အထက်ပါနေအိမ်များသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်းကြည်(ငါးသိုင်းချောင်း)
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/B)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၄၅၉)နေ ဦးသန်းတင်၏ဇနီး၊ ဦးမျိုးလွင်-ဒေါ်ယင်းမာတင်၊ ဒေါ်မေဇင်သန်း၊ ဦးဥက္ကာဖြိုး-ဒေါ်နှင်းနှင်းသွယ်၊ ဦးရဲလင်းထက်-ဒေါ်နုနုလှိုင်တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မောင်မြတ်ဘုန်းဥက္ကာ၊ မောင်သော်ဘုန်းစစ်၊ မောင်အံ့ဘုန်းဥက္ကာတို့၏ အဘွားသည် ၂-၁၁-၂၀၂၃(ကြာသပတေးနေ့) နံနက် ၁၀:၅၃ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၃(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၃)လမ်း၊ အမှတ်(၆၃) မြေကွက်ပေါ်တွင် တည်ရှိသော (၂)ခန်းတွဲ (၆)ထပ်တိုက်မှ မြေညီထပ်(ခြေရင်းခြမ်း) လူနေတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ယဉ်မေသူ [၁၀/မလမ(နိုင်)၂၀၂၃၀၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးခိုင်က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ အမှတ်- ၉၇ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ဒုတိယထပ်(၃-လွှာ)၊ ခြေရင်းဘက်ခြမ်း၊ မျက်နှာမူရာဝဲဘက်ခြမ်း၊ အကျယ်အဝန်း (၁၁ပေ x ၄၈ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်၍ လက်ဝယ်ထားရှိ အကျိုးခံစားလျက်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝေနှင်းသူ [၁၄/ပသန(နိုင်)၂၀၀၆၀၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိုးမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၈၅)**
**အမှတ်-၉၇၊ ပထမထပ်၊ ၃၈-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၈၂၃**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိနိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်ပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့် စိတ်နှင့်ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည်မဟုတ်...**

❖ **ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကို ကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# AFC Cup ပြိုင်ပွဲ အုပ်စုစတုတ္ထပွဲအဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ဆီဘူးအသင်း ယှဉ်ပြိုင်ကစားမည်

ရန်ကုန် နိုဝင်ဘာ ၅

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုစတုတ္ထပွဲအဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ဆီဘူးအသင်းပွဲကို နိုဝင်ဘာ ၉ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယခုပွဲမှာ နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်ရောက်ရေး နောက်ဆုံးမျှော်လင့်ချက်အဖြစ် ကြိုးပမ်းရမည်ဖြစ်ပြီး အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည့် အနေအထားဖြစ်နေသည်။ ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက အမှတ်မရသေးဘဲ ဆီဘူးအသင်းက သုံးမှတ်ရထားသည်။



ရှမ်းယူနိုက်တက်အသင်းကစားသမားများ ဂိုးသွင်းပြီးအောင်ပွဲခံနေစဉ်။

**အနိုင်ရရန်လိုအပ်နေ**

AFC Cup ပြိုင်ပွဲ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရ သုံးသင်းအနက် အကောင်းဆုံးတစ်သင်းသာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် မဖြစ်မနေ အနိုင်ရရန် လိုအပ်နေခြင်းဖြစ်သည်။ ပထမအကျော့အပြီးတွင် အုပ်စု (F)၌ ကမ္ဘောဒီးယားကလပ်

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❍



# အင်တာနေရှင်နယ် ကရာတေး IKO Weight Category ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

IKO Myanmar (International Karate Organization Myanmar)က ကြီးမှူးကျင်းပသည့် အင်တာနေရှင်နယ် ကရာတေး IKO Weight Category ချန်ပီယံရှစ် ၂၀၂၃ ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် IKO Myanmar ဥက္ကဋ္ဌ Shinhan ဦးမင်းလွင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အားကစားအဓိဋ္ဌာန်သီချင်းသီဆိုခဲ့ကာ ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများကို သရုပ်ပြရှင်းလင်းခဲ့သည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ✪


**ယနေ့ ဖတ်စရာ**

**ရဲနွယ်ချောင်းရေဖြင့် သီးထပ်စိုက်ပျိုးနိုင်သည့်ဧရိယာများ ဖော်ဆောင်မည်**

ဆောင်းပါး စာမျက်နှာ » ၁၀

**တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ နိုင်ငံခြားငွေ၊ ရွှေတုံးများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ပြည်တွင်းဈေးကွက်သာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်နေသည့် စစ်ကိုင်းမြို့နယ်မှ “စိန်ကြည်” ဂျုံခေါက်ဆွဲလုပ်ငန်း**



တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

**၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ရှာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ**

စာမျက်နှာ » ၂၄